# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ - ၂၁၈)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက် မိန့်ခွန်းပြောကြား

နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ချင်းတောင်မြို့ရှိ Qingdao International Conference Center ၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့ ဖတ် စ ရာ**

**မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများပေးအပ်၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**


ပြည်တွင်းသတင်း | စာ ၅


**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း**


ပြည်တွင်းသတင်း | စာ ၇




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့်ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

■ ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများသည် လွန်စွာအရေးပါ

■ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့မှ ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်များ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များသည် နိုင်ငံများအတွက် ထိရောက်သည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု တည်ထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ် အထောက်အကူပြု

■ မိမိတို့ မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် သဘာဝအခြေခံဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိ

❑ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် Qingdao International Conference Center ရှိ Shanghe ခန်းမသို့ရောက်ရှိပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ် အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နိုင်ငံ့ခေါင်းဆောင်များ ပြပွဲအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Qingdao International Conference Center ရှိ Shanghe ခန်းမ၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဂျီစတန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လေ့လာသူနိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် သီရိလင်္ကာနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ နီပေါနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ကာတာနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ မော်လ်ဒိုက်ဗ်နိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Mrs. Shen Yueyue၊ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များက အမှာစကားပြောကြားကြသည်။

**ဆွေးနွေးမှုများကိုဆောင်ရွက်သွားနိုင်မည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသည့် ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာ ရှီကျင့်ဖျင် ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လက်ခံရရှိသည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူပါကြောင်း၊ ယင်း သဝဏ်လွှာကိုအခြေခံ၍ ယခုဖိုရမ်တွင် ဆွေးနွေးမှုများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဦးစွာပြောကြားသည်။

**အခွင့်အလမ်းပလက်ဖောင်းတစ်ခုဖြစ်**

ဆက်လက်၍ ပြောကြားရာတွင် ယခုဖိုရမ်၏ ခေါင်းစဉ်သည် အလွန်အဓိပ္ပာယ်ပြည့်ဝပြီး မိမိတို့ကို သဘာဝတရားနှင့် ဟန်ချက်ညီစွာ နေထိုင်ရန်လိုအပ်နေပြီဆိုသည်ကို နှိုးဆော်ထားခြင်းဖြစ်ကြောင်း၊ အဓိကကြောင်းရင်းမှာ ရေ၊ လေ၊ မြေ၊ ဇီဝအဝန်းအဝိုင်းများနှင့် ဖွဲ့စည်းထားသည့် ကမ္ဘာမြေစနစ်နှင့်လူသားများသည် အပြန်အလှန်ဆက်နွယ်မှုရှိနေသည့်အတွက် လူသားများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေး ကာကွယ်ထိန်းသိမ်းပေးရမည်ကို မိမိတို့ အလေးထားဂရုပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖိုရမ်တွင် ဂေဟစနစ်ပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေး၊ စွမ်းအင်အသွင်ကူးပြောင်းရေးအတွက် တီထွင်ဆန်းသစ်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုအတွက် လူနေမှုစနစ်အသွင်ကူးပြောင်းရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာများကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များက ဆွေးနွေးမည်ဖြစ်သည့်အတွက် ယနေ့ကျင်းပသည့်ဖိုရမ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းပလက်ဖောင်းတစ်ခုဖြစ်ကြောင်း။

**အစိမ်းရောင်ဖွံ့ဖြိုးမှု စံချိန်စံညွှန်းများသည် လွန်စွာအရေးပါ**

ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများသည် လွန်စွာအရေးပါကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့မှ ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်များ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များသည် နိုင်ငံများအတွက် ထိရောက်သည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု တည်ထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ် အထောက်အကူပြုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တိုးတက် ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် သဘာဝအခြေခံဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို ပြောလိုကြောင်း။

အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်ရန်ရည်ရွယ်၍ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကဏ္ဍစုံမှ ဆက်စပ်ပတ်သက်သူများ၊ အာဆီယံနှင့် နိုင်ငံတကာပညာရှင်များဖြင့် "အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်" (Green Economy and Green Growth Forum) ကို ၂၀၁၁ ခုနှစ်မှစ၍ (၆) ကြိမ်ထိကျင်းပနိုင်ခဲ့သည့်အတွက် ဆွေးနွေးပွဲရလဒ်များသည် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင် အစပျိုးချမှတ်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရန် အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင်ကို လက်ရှိမူဝါဒများနှင့် မဟာဗျူဟာများဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်နှင့် မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များအပေါ် အခြေခံပြီး ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများ၊ နိုင်ငံတကာပညာရှင်များနှင့် ဆွေးနွေးပြီးပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း။

**တိုးမြှင့်ဆောင်ရွက်သွားမည်**

အဆိုပါမူဝါဒမူဘောင်၏ ရေရှည်မျှော်မှန်းချက်သည် "သဘာဝသယံဇာတများကို ထိရောက်စွာအသုံးချသည့် ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်" ဖြစ်ကြောင်း၊ ယင်းမူဘောင်တွင် အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံမူ(၄)ရပ်၊ ရည်ရွယ်ချက်(၄)ရပ်ချမှတ်ထားပြီး ဦးစားပေးကဏ္ဍ (၁၁) ရပ်တွင် အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးကဏ္ဍ၌ ရုပ်ကြွင်းလောင်စာသုံးယာဉ်များ အသုံးပြုမှုလျှော့ချနိုင်ရေးအတွက် နိုင်ငံအတွင်းလျှပ်စစ်သုံးယာဉ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လျှပ်စစ်သုံးယာဉ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ် အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နိုင်ငံ့ခေါင်းဆောင်များ ပြပွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၃ မှ*

ယခုအခါ မူဝါဒပါမျှော်မှန်းချက် (Vision)နှင့် ရည်မှန်းချက် (Mission) များနှင့်အညီ Electric Vehicle Development Action Plan ရေးဆွဲပြီး လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များချမှတ်၍ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်း၊ ထုတ်လုပ်အသုံးပြုခြင်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**အစိမ်းရောင်ခရီးသွားမြှင့်တင်ရေးကဏ္ဍ**

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့်ကမ်းရိုးတန်းဒေသနှင့် ကျယ်ပြန့်သည့် အဏ္ဏဝါတို့ကို ပိုင်ဆိုင်ထားသော ပတ်ဝန်းကျင် အခြေခံကောင်းများရှိသည့်အတွက် အဏ္ဏဝါနှင့်ကမ်းရိုးတန်းအခြေပြု သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စွာ ထုတ်ယူသုံးစွဲနိုင်ရန် အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ရရှိစေရေး အဓိကအခွင့်အလမ်းတစ်ခုအနေဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်ကို ပြဋ္ဌာန်းပြီး ကဏ္ဍအလိုက် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်ဖက်က ရေရှည်တည်တံ့စွာ ထုတ်ယူမှုစီမံထားသကဲ့သို့ တစ်ဖက်တွင်လည်း ရေအောက်အဖိုးတန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားမှုနှင့်အတူ မြန်မာ့ပင်လယ်ပြင်၏ တောင်ပိုင်းတစ်လျှောက် ရေပေါ်ရေအောက် လှည့်လည်ကြည့်ရှုလေ့လာနိုင်ရေးကိုလည်း အစိမ်းရောင်ခရီးသွားမြှင့်တင်ရေးကဏ္ဍအဖြစ် စီမံဆောင်ရွက်ထားကြောင်းနှင့် လာရောက်လေ့လာနိုင်ပါကြောင်း။

ထို့ပြင် သစ်တောနှင့်အခြားမြေအသုံးချမှုကဏ္ဍသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေး၊ လူနေမှုစနစ်နှင့်သက်မွေးဝမ်းကျောင်းလုပ်ငန်း ရေရှည်တည်ငြိမ်ရေးအတွက် များစွာအရေးပါကြောင်း၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်သည့်အခါ မြေအသုံးချမှုကို စနစ်တကျစီမံဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း။

**သဘာဝအခြေခံခရီးသွားလုပ်ငန်းများတိုးမြှင့်**

သစ်တောပြုန်းတီးမှုလျှော့ချပြီး ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတို့ကို အထောက်အကူပြုရန်အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံဧရိယာ၏ (၁၀) ရာခိုင်နှုန်းအထိ၊ သစ်တောကြိုးဝိုင်းဧရိယာများကိုလည်း နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အာဆီအယံအမွေအနှစ်ဥယျာဉ် (၈)ခု၊ ရမ်ဆာရေဝပ်ဒေသ (၇)ခု၊ လူသားနှင့်ဇီဝအဝန်းနယ်မြေ (၂) ခု အပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေ (၅၉)ခု၊ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းကွန်ရက်နယ်မြေ (၈) ခုနှင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းစခန်း(၂၂)ခုတို့ကို သတ်မှတ်နိုင်ခဲ့ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

**စံချိန်စံညွှန်းများနှင့်အညီသတ်မှတ်နိုင်ခဲ့**

အများပြည်သူအကြား သဘာဝ၏ တန်ဖိုးကို ပိုမိုနားလည်လာစေရန် ရည်ရွယ်ပြီး မြန်မာ့သဘာဝထိန်းသိမ်းရေးနယ်မြေများကို UNESCO အသိအမှတ်ပြု လူသားနှင့်ဇီဝအဝန်းနယ်မြေများအဖြစ် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ကို UNESCO ၏ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဇီဝမျိုးစုံမျိုးကွဲများအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ကျခြင်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရန်အတွက် ပုဂ္ဂလိကသစ်တော စိုက်ခင်းတည်ထောင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မိုးရာသီတွင်လည်း ပြည်သူများပူးပေါင်းဆောင်ရွက်မှုဖြင့် အစိမ်းရောင်လှုပ်ရှားမှုအဖြစ် သစ်ပင် ၂၂ သန်း တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း။

**လျှပ်စစ်ထုတ်လုပ်မှုတိုးမြှင့်အကောင်အထည်ဖော်**

၁၉၇၂ ခုနှစ် စတော့ဟုမ်း လူ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြေညာချက်၊ ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Rio ကြေညာချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်-၂၁၊ ၁၉၉၂ ခုနှစ် ကုလသမဂ္ဂ ဇီဝ မျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၊ ၂၀၁၅ ပါရီသဘောတူညီချက် စသည့်နိုင်ငံတကာသဘောတူညီချက်များတွင် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ပါရီသဘာတူစာချုပ်ပါ ရည်မှန်းချက် အောင်မြင်ရေးအတွက် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့်လိုက်လျောညီထွေရှိစေရေးဆိုင်ရာလုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDCs) အစီရင်ခံစာ၌ ကဏ္ဍအလိုက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များ ချမှတ်ရာတွင် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ၊ လေ၊ ရေအခြေပြုသည့် ပြန်ပြည့်မြဲစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်မှုတိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံတကာနှင့်ပူးပေါင်းအကောင်အထည်ဖော်**

ကာဗွန်လျှော့ချခြင်း လုပ်ငန်းများဖြစ်သည့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ၊ ကာဗွန်ခရက်ဒစ် ပူးပေါင်းလုပ်ငန်းစဉ်များတွင် စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်သည့်လုပ်ငန်း၊ စွမ်းအားမြှင့် မီးဖိုဖြန့်ဝေခြင်းလုပ်ငန်း၊ ဒီရေတောစိုက်ခင်းတည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း စသည့်အစိမ်းရောင်ဖွံ့ဖြိုးမှု လုပ်ငန်းစီမံကိန်းများကိုနိုင်ငံတကာနှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟန်ချက်ညီညီဖြင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်စီးပွားရေးကို အထောက်အကူပြုနိုင်ရန်အတွက် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအားပေးခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စောင့်ကြည့်လေ့လာ ဆန်းစစ်ခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုနည်းသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လက်တွဲညီညီဆောင်ရွက်**

ယနေ့ကမ္ဘာပေါ်တွင် မူလကရှိပြီး သဘာဝပတ်ဝန်းကျင် အလှတရားနှင့် ဂေဟစနစ်များကို ထိန်းသိမ်းရာတွင်ဖြစ်စေ၊ ထုတ်ယူသုံးစွဲဖျက်ဆီးရာတွင်ဖြစ်စေ ဆောင်ရွက်သူများသည် လူသားများပင်ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ယနေ့တက်ရောက်လာကြသည့် SCO အဖွဲ့ဝင်နိုင်ငံများအားလုံး၊ ဆွေးနွေးဖက်နှင့် လေ့လာကြသူနိုင်ငံများအားလုံးက ကမ္ဘာပေါ်တွင်ရှိသည့် အခြားသောနိုင်ငံများအားလုံး၏ စံနမူနာပြအဖြစ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပိုမိုတိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားများနှင့် သဘာဝပတ်ဝန်းကျင် လက်တွဲညီညီဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

သို့ဖြစ်၍ အဖွဲ့ဝင်နိုင်ငံများအကြားတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာ နည်းပညာများ မြှင့်တင်ရေးနှင့် ဖြန့်ဝေရေး၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ရန်ပုံငွေစဉ်ဆက်မပြတ်ရရှိစေရေး၊ ပညာရေးနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် အကြံပြုပြောကြားလိုကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအနေဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုရန် တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်မှစတင်၍ SCO ဆွေးနွေးဖက်နိုင်ငံအဖြစ် *စာမျက်နှာ ၅ သို့*

- **အများပြည်သူအကြား သဘာဝ၏တန်ဖိုးကို ပိုမိုနားလည်လာစေရန် ရည်ရွယ်ပြီး မြန်မာ့သဘာဝထိန်းသိမ်းရေးနယ်မြေများကို UNESCO အသိအမှတ်ပြု လူသားနှင့်ဇီဝအဝန်းနယ်မြေများအဖြစ် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ကို UNESCO ၏ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်**
- **ထို့ပြင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဇီဝမျိုးစုံမျိုးကွဲများအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ကျခြင်းတို့ကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၄ မှ*
ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်းနှင့်အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုများကို ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ မိမိတို့၏ စုပေါင်းအင်အားများ၊ သယံဇာတများနှင့် ကျွမ်းကျင်ပညာရှင်များ၏ ပေါင်းစည်းမှုအင်အားဖြင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲသည့် အနာဂတ်ကို အတူတကွ ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

**မဆုတ်မနစ်ဘဲအတူတကွဆက်လက်ဆောင်ရွက်**

ယနေ့ မိမိတို့၏ ဆောင်ရွက်ချက်များသည် အနာဂတ်မျိုးဆက်သစ်များအတွက် အရည်အသွေးပြည့်မီသည့် အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်သည်ကို မှတ်သားထားကြရမည်ဖြစ်ကြောင်း၊ လူသားနှင့် သဘာဝအကြား ဟန်ချက်ညီမှုရှိရန်ဆိုသည် မဖြစ်နိုင်သည့် အတွေးအမြင် တစ်ခုမဟုတ်ဘဲ လူသားများ၏ ရှင်သန်မှုနှင့် ကြွယ်ဝချမ်းသာမှုအတွက် လိုအပ်ချက်တစ်ခုပင်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်ဖြစ်မြောက်ရေးအတွက် အခမ်းအနားစီစဉ်သူများနှင့် တက်ရောက်လာသူအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် မိမိတို့အနေဖြင့် တူညီသောရည်မှန်းချက်များနှင့် ဖြေရှင်းမှုများအတွက် မဆုတ်မနစ်ဘဲ အတူတကွ ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသတွင်း စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်ဆက်ဆံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို အတူတကွမြှင့်တင်သွားရေး ဦးဆောင်ဦးရွက်ပြုမှုစီမံချက်ကို ထုတ်ပြန်ကြေညာသည်။

ယင်းနောက် ဆွေးနွေးပွဲများကို သတ်မှတ်ခေါင်းစဉ်အလိုက် ကျင်းပရာဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ပြီး နိုင်ငံအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးတို့ တက်ရောက်ဆွေးနွေးကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းကို ၂၀၀၁ ခုနှစ်၊ ဇွန် ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဂျီစတန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ စုစုပေါင်း (၆) နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပခဲ့သော SCO အဖွဲ့ဝင်နိုင်ငံအကြီးအကဲများ အစည်းအဝေးတွင် SCO ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုး၍ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။

SCO အဖွဲ့ကြီး၏ အဓိကရည်မှန်းချက်များသည် အဖွဲ့ဝင်နိုင်ငံများအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်နှင့် အပြန်အလှန် ယုံကြည်မှုပိုမိုခိုင်မာစေရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သုတေသန၊ နည်းပညာနှင့် ယဉ်ကျေးမှုတို့အပြင် ပညာရေး၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အခြားသော ကဏ္ဍများတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရေး၊ ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်အတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ်ကို အခြေခံသည့် တရားမျှတသော နိုင်ငံတကာနိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းတိုးမြှင့်ရေး၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးမူဝါဒအရ SCO သည် မတူညီသည့် ယဉ်ကျေးမှုဓလေ့ကို အလေးထားရန်နှင့် ဘုံဖွံ့ဖြိုးတိုးတက်ရေးဆန္ဒရှိမှုတို့အတွက် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်ညှိနှိုင်းမှုစသည့် စည်းမျဉ်းစည်းကမ်းတို့ကို အခြေခံသည့်အဖွဲ့အစည်းတွင်းဆိုင်ရာ မူဝါဒကို လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Mrs. Shen Yueyue အမှာစကားပြောကြားစဉ်။

## ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အရေးပါမှုဆိုင်ရာ အသိပညာပေးဟောပြော

**လက်ပံတန်း ဇူလိုင် ၈**

လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကိုရီးယားသစ်တောဌာနနှင့် မြန်မာနိုင်ငံ သစ်တောဦးစီးဌာန တို့ ပူးပေါင်းဆောင်ရွက်သည့် FD-KFS REDD + စီမံကိန်းမှ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အရေးပါမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းက သစ်တောသစ်ပင်၏ အကျိုးကျေးဇူးများအကြောင်း၊ အလယ်တန်းပြဆရာမ ဒေါ်ခင်မာသင်းက သဘာဝပတ်ဝန်းကျင်အကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိုက်က "သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး Korea – Myanmar REDD + Joint Project မှ ပံ့ပိုးမှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စာအုပ်စာတမ်းများနှင့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း စားသောက်ဖွယ်ရာများပေးအပ်၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း ဇူလိုင် ၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝတီမြစ်ရေ မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး တနိုင်းမြို့အတွင်းရှိ ရပ်ကွက်များအတွင်းသို့ မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။ ယခုအခါ မြစ်ရေပြန်လည် ကျဆင်းသွားပြီဖြစ်သဖြင့်တနိုင်းမြို့ ဆင်ဆာ့ကောင်းရပ်ကွက်ရှိ ဇေယျာသီရိ ပရိယတ္တိစာသင်တိုက်၌ ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ စာသင်တိုက်အတွင်းရှိ စေတီပုထိုးများ၊ ကျောင်းဆောင်များအတွင်း ကျန်ရှိနေသော နုန်းများ၊ သဲများနှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ပေးခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးကြသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ကာ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်ရှိ မြသိန်းတန်စေတီ ဇီးဖြူကုန်းရပ်ကွက်ရှိအခြေခံပညာအထက်တန်းကျောင်း (ဇီးဖြူကုန်း)၊ နာဂရိုးရာကွင်း၊ နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းနှင့် မော်လိုက်မြို့နယ်၊ ကျောက်တောင်ရပ်ကွက်၊ တံတားဦးရပ်ကွက်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ချင်းတောင်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချင်းတောင်-SCO ပုလဲအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဇူလိုင် ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ချင်းတောင်မြို့ရှိ ချင်းတောင်-SCO ပုလဲအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center) နှင့် China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဆိပ်ကမ်းစီမံကိန်း (China Transfer (SCO) International Logistic Port Project) များသို့သွားရောက်ကြည့်ရှုလေ့လာကြသည်။

**စင်တာမှတာဝန်ရှိသူများကကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်-SCO ပုလဲအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center) သို့ ရောက်ရှိရာ စင်တာမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**စင်တာအတွင်းလှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးဇုန် တရုတ်ကွန်မြူနစ်ပါတီ လုပ်ငန်းကော်မတီ အဖွဲ့ဝင် မစ္စ ဖူကျုံးဟွနှင့် တာဝန်ရှိသူများက စင်တာဆိုင်ရာ အချက်အလက်များ၊ ဈေးကွက်ဗဟိုပြုစနစ်ဖြင့် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်လည်ပတ်နေမှု၊ SCO အဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပြပွဲနေရာများ ထောက်ပံ့ခြင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

**ကုန်သွယ်ရေးဖလှယ်မှုများဆောင်ရွက်**

SCO သရုပ်ဖော်ပြသပွဲဇုန်၏ အထင်ကရဖြစ်သည့် ချင်းတောင်-SCO ပုလဲအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center) စီမံကိန်းကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး အဆောက်အအုံဧရိယာသည် ၁၆၈၈၀၀ စတုရန်းမီတာ ကျယ်ဝန်း၍ လုပ်ငန်းများစွာ ဆောင်ရွက်နိုင်သော စနစ်များစွာ ပါဝင်သည်။ ၎င်းသည် ဈေးကွက်ဗဟိုပြုစနစ်ဖြင့် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်လည်ပတ်လျက်ရှိပြီး ပြခန်းညီလာခံများ၊ ပညာရေးနှင့် လေ့လာသင်ကြားမှုများ၊ ခရီးသွားလာမှုနှင့် လှည့်လည်ကြည့်ရှုခြင်းများ၊ ကုန်စည်ပြပွဲနှင့် ရောင်းချမှုများ၊ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် စီးပွားရေးဝန်ဆောင်မှုများ စသည်တို့ကို ပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊ SCO အဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပြပွဲနေရာများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသည်။ SCO စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်ဖိုရမ်၊ SCO အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး ကုန်စည်ပြပွဲကဲ့သို့သော ဘက်ပေါင်းစုံ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဖလှယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အောင်မြင်မှုပြယုဂ်တစ်ရပ်ဖြစ်သည့် China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်း (China Transfer (SCO) International Logistic Port Project) သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးဇုန် အုပ်ချုပ်ရေးအဖွဲ့ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး မစ္စတာ ရွှဲကြားပင်က စီမံကိန်းအတွင်း ရင်းနှီးမြှုပ်နှံထားရှိမှု၊ ဝန်ဆောင်မှုကို ဦးတည်သော ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်နေမှု၊ ဝန်ဆောင်မှုစကြၤကို အွန်လိုင်းနှင့် အော့ဖ်လိုင်းစနစ်ဖြင့် ဖန်တီးဆောင်ရွက်ရန် ပြီးပြည့်စုံသော ဝန်ဆောင်မှုဌာနချုပ်ကို တည်ထောင်ခဲ့မှုနှင့် တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပြသထားသည့် SCO အဖွဲ့ဝင်နိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။

အဆိုပါ China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဆိပ်ကမ်းစီမံကိန်းတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ် ၁၀ ဘီလီယံရှိပြီး ဧရိယာမှာ ၁၃၄၃ ဧက၊ အဆောက်အအုံ အကျယ်အဝန်းမှာ ၉၈၉၀၀၀ စတုရန်းမီတာရှိပြီး အဓိကအားဖြင့် သတင်းအချက်အလက် ကုန်သွယ်မှုစင်တာ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးစင်တာ၊ မော်တော်ယာဉ် အရင်းအမြစ်စင်တာ၊ သိုလှောင်ရုံနှင့် ဖြန့်ဖြူးရေးစင်တာ၊ ယာဉ်ဝန်ဆောင်မှုစင်တာ၊ ထရပ်ကားပြသမှုစင်တာနှင့် စီးပွားရေးဝန်ဆောင်မှုစင်တာ စသည့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း ခုနစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အောင်မြင်မှုပြယုဂ်တစ်ရပ်ဖြစ်သည့် China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်း၌ ကြည့်ရှုလေ့လာစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**
နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်ပင်၊ သစ်တောများ မပြုန်းတီးစေရန်၊ ရာသီဥတုကို မျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေရန်နှင့် ရေမြေတောတောင် သဘာဝကို ထိန်းသိမ်းကာကွယ်စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း မြေနေရာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် **(အငြိမ်းစား)** နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီး ဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ် သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေ စသည့် အပင် စုစုပေါင်း ၁၀၀၀ ကို စနစ်တကျ ရွေးချယ်စိုက်ပျိုးခဲ့ပြီး တစ်နိုင်ငံလုံး အနေဖြင့် ၃၂၆၃၉ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ယခုဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ပန်းမဲဇလီ စုစုပေါင်း အပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ ရတနာတန်းဝင်အပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင် စုစုပေါင်း ၃၁၃၀၅ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း စုစုပေါင်းအပင် ၆၃၉၄၄ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၈ - ၇ - ၂၀၂၄)၊ ည (၆:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် (၂၅-၆-၂၀၂၄) ရက်နေ့မှစတင်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများ၊ သင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါနေရာများတွင် ကျန်းမာရေးအသိပညာပေးခြင်း၊ သောက်ရေသန့်ရှင်းရေးအတွက် ရေသန့်ဆေးပြားများ ဝေငှခြင်း၊ သုံးရေသန့်ရှင်းရေးအတွက် ကလိုရင်းဆေးခတ်ခြင်း၊ အစားအစာချက်ပြုတ်ပြင်ဆင်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်ရေး၊ လက်ဆေးရန်နေရာများ ထားရှိ၍ ရေနှင့်ဆပ်ပြာ အသင့်ထားရှိရေး၊ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေးစသည့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအား နီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ၎င်းအပြင်စျေးများမှတစ်ဆင့်လည်း ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စျေးများတွင် ပတ်ဝန်းကျင်သန့်ရှင်းမှုအား Checklist များအသုံးပြု၍ စစ်ဆေးပြီး လိုအပ်ချက်များအား အမြန်ဆုံးဖြည့်ဆည်းပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ဆေးရုံကြီးများတွင်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများအား လိုအပ်သော ဆေးကုသမှုရရှိစေရေးအတွက် စနစ်တကျ ဆေးကုသမှုပေးလျက်ရှိပြီး ဆေးဝါးများကိုလည်း ပံ့ပိုးပေးခြင်းနှင့် ရောဂါပိုးထိန်းချုပ်ခြင်းလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် (၈-၇-၂၀၂၄) ရက်နေ့၊ နံနက် (၆:၀၀) နာရီမှ ည (၆:၀၀)နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် (၆၀) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၆) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ အဖြစ်များသည့် မြို့နယ်များအနက် ဒေါပုံမြို့နယ်တွင် ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ကြောင်း တွေ့ရှိရပြီး သာကေတမြို့နယ်တွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှု စတင်လျော့ကျလျက်ရှိကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဖြူးမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖြူး ဇူလိုင် ၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်



စိုက်ပွဲကို ယမန်နေ့က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁၁၃/၅) မိုင် အဝေးရာရေလွှဲဆည်အနီး၌ ကျင်းပသည်။

ရှေးဦးစွာ ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းစိုးက ရတနာတန်းဝင် ပျိုးပင်များကိုပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဒေဝီမေတို့က လက်ခံရယူသည်။

ဆက်လက်၍ ကျွန်းပျိုးပင် ၂၀၀၊ ပျဉ်းကတိုးပျိုးပင် ၅၀၊ ပိတောက် ပျိုးပင် ၅၀၊ မန်ကျည်းရွာ ပျိုးပင် ၅၀၊ ယမနေပျိုးပင် ၅၀ စုစုပေါင်းပျိုးပင် ၄၀၀ ကို ဖြူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖြူးမြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၇၄ ဦးက စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဇူလိုင် ၈ ရက်က ကျန်းမာရေးဝန်ထမ်းများအား ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ မွမ်းမံသင်တန်းပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းတို့ ဆောင်ရွက်စဉ်။ သန်းဝင်း(သန်လျင်)

# ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၇/၂၀၂၄ ဖြင့် ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များနှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာတွင် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ အဆင့်ဆင့်၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ဖော်ပြထားကြောင်း။

### နိုင်ငံတော်ဘဏ္ဍာရရှိစေရေး

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားပြီး ယင်းဥပဒေ၏ ဇယား(၁)ပါ ဥပဒေများနှင့် သက်ဆိုင်သည့် အခွန်အခများကို ပြည်ထောင်စုဝန်ကြီးဌာနများကလည်းကောင်း၊ ဇယား(၅)ပါ အခွန်အခများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်းကောင်း နိုင်ငံတော်ဘဏ္ဍာရရှိစေရေး အခွန်အကောက်များကို ကောက်ခံလျက်ရှိကြောင်း။

အခွန်ကောက်ခံမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် "အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခြင်းမရှိဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကို ချဲ့ထွင်၍ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှု တိုးတက်လာသည်ကို တွေ့ရကြောင်း၊ အခွန်နှင့်ပတ်သက်ပြီး တာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန်လိုကြောင်း၊ အခွန်အခများ ကောက်ယူရာတွင် အခွန်အား တိုးမြှင့်ကောက်ခံခြင်းမပြုလုပ်ဘဲ ယခင်ရှိပြီး အခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင် ကောက်ခံခြင်းများကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း" လမ်းညွှန်မှု ပြုထားပါကြောင်း။

### ကြပ်မတ်ဆောင်ရွက်

ယခုဖွဲ့စည်းထားသည့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များတွင် ပြည်ထောင်စုအဆင့် အဖွဲ့အနေဖြင့် အခွန်အပြည့်အဝရရှိစေရေးနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ သတ်မှတ်ပေးရန်၊ သက်ဆိုင်ရာဌာနအသီးသီး ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ပေးရန်နှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၏ အားနည်းချက်နှင့် အားသာချက်များကို ပြန်လည်သုံးသပ် လမ်းညွှန်ပေးရန်ဟူ၍ လုပ်ငန်းတာဝန်များ သတ်မှတ်ထားကြောင်း၊ အဓိကမှာ အခွန်ရငွေ တိုးတက်လာစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဘတ်ဂျက်တွင် ရငွေပိုင်း၌ အခွန်ရငွေ၊ အစိုးရဌာနများ၏ ရငွေ၊ ပြည်တွင်း /ပြည်ပချေးငွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ထည့်ဝင်ငွေတို့မှရရှိခြင်းဖြစ်ပြီး ယင်းတို့အနက် အခွန်ရငွေမှာ အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်နေကြောင်း။

### ဝိုင်းဝန်းကြီးကြပ်ကူညီပေး

ထို့ကြောင့် ယခုဖွဲ့စည်းထားသည့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးဌာနများက ပြည်ထောင်စုအတွက် ကောက်ခံရမည့် အခွန်အကောက်များကို လျော့နည်းလွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝရရှိစေရေးအတွက် ဝိုင်းဝန်းကြပ်မတ်ထိန်းကျောင်းနိုင်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုက ကောက်ခံသည့် အခွန်အခများကို တာဝန်ယူကောက်ခံနေသော သက်ဆိုင်ရာဝန်ကြီးဌာနများ သာမက ဒေသဆိုင်ရာအစိုးရအဖွဲ့များက အနီးကပ် ကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် အခွန်ရငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့က ကြီးကြပ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့်လည်း မိမိတို့တာဝန်ယူကောက်ခံရသည့် ဇယား (၅)ပါ အခွန်အခများအပြင် ပြည်ထောင်စုဝန်ကြီးဌာနများက ကောက်ခံသည့် ပြည်ထောင်စု၏ အခွန်အကောက်များ ပိုမိုရရှိလာစေရေးအတွက် အခွန်ကောက်ခံသည့် ဌာနများကို ဝိုင်းဝန်းကြီးကြပ်ကူညီပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ္ဍာငွေများ ကျခံသုံးစွဲရာတွင် အဓိကဘဏ္ဍာရေးအရင်းအမြစ်ဖြစ်သည့် အခွန်ငွေများကို အပြည့်အဝ ကောက်ခံရရှိရေးအတွက် ဖွဲ့စည်းထားသည့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ အဆင့်ဆင့်အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် အခွန်ဆိုင်ရာ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ကြရသည်ဖြစ်၍ အခွန်ကောက်ခံသည့်ဌာနများကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က မြန်မာနိုင်ငံ၏ အခွန်စနစ်နှင့် ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များ၏ ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစဉ်များနှင့် အခွန်တိုးတက်ကောက်ခံရရှိနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးဗိုလ်ချုပ် တိုးရီတို့က မိမိတို့နယ်မြေများနှင့် ဝန်ကြီးဌာနအလိုက် အခွန်တိုးတက်ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်ဈေးနှုန်း တည်ငြိမ်ရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆန်၊ စားသုံးဆီနှင့် စက်သုံးဆီ တင်သွင်း/တင်ပို့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်ဖြစ်သော အခွန်အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့်နည်းပညာ သင်တန်းဖွင့်ပွဲကျင်းပ



**ပဲခူး ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှကြီးမှူး၍ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့်နည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက်က ပဲခူးမြို့ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး) ၌ ကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က သင်တန်းသားများအနေဖြင့် သင်တန်းမှ လေ့လာဆည်းပူးခဲ့သော စာတွေ့၊ လက်တွေ့ပညာရပ်များအား ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ပါက မိသားစုဝင်ငွေရရှိနိုင်မည့် ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ သင်တန်းပြီးစီးပါက သင်ယူခဲ့သည့်အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချပြီး မိမိတို့၏လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချ လုပ်ကိုင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းဖွင့်လှစ်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် ပြသထားသည့် ထုတ်ကုန်ပစ္စည်းများနှင့်သင်တန်း အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါ သင်တန်းကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကာ ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ **သက်ထက်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့်အတူ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid တို့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့ တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။




အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုချီးမြှင့်ခံ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို လက်ဆင့်ကမ်းရယူကြမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုခြင်း ဖြစ်သည့်အပြင် ရှေ့ဆက် ပညာသင်ကြားရာတွင်လည်း မလျှော့သော လုံ့လဝီရိယနှင့် ဆက်လက်ကြိုးစားအားထုတ်ကြရန်အတွက် ချီးမြှင့်ထောက်ပံ့သည့် အခမ်းအနားဖြစ်ကြောင်း၊ မိမိတို့၏ ဘဝရည်မှန်းချက်၊ စိတ်ကူးစိတ်သန်းများ အမှန်တကယ်ဖြစ်လာစေရန် ပညာရေးဖြင့် အကောင်အထည်ဖော်နိုင်ကြောင်း၊ ပညာတတ်သောကြောင့် ကိုယ်ပိုင် ဆုံးဖြတ်ချက်များကို ကောင်းမွန်စွာ ချမှတ်နိုင်ပြီး ကောင်းမွန်သော အလုပ်နှင့် ကောင်းမွန်သော ဂုဏ်သတင်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြောင်းလဲ တိုးတက်နေသည့် နည်းပညာခေတ်တွင် လူငယ်များအနေဖြင့် ဘာသာစကားကျွမ်းကျင်ရန်၊ နည်းပညာများကို နားလည် တတ်ကျွမ်းရန်နှင့် သင်ယူထိုက်သည်များကို သင်ယူတတ်မြောက်ရန် လိုကြောင်း၊ သို့မှသာ အရည်အချင်းရှိသည့် လူငယ်များ ဖြစ်လာမည်ဖြစ်ပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၃ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ နှစ်ဦးကိုလည်းကောင်း (ဝဲပုံ)၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒုတိယဝန်ကြီးဒေါ်နုမြဖိတို့က ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ လေးဦးတို့ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေသားသမီး စုစုပေါင်း ၁၉၅၅ ဦးကို ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရာ စုစုပေါင်း ပညာသင် ချီးမြှင့်ငွေကျပ် ၁၇,၁၈၃,၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ပွင့်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနက ရောဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကြုံတွေ့လာမည့် ရေကြီးရေလျှံမှု အန္တရာယ်အပါအဝင် သဘာဝဘေး အန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီရှာဖွေကယ်ဆယ်နိုင်ရေးအတွက် တပ်စုအဆင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို ဇူလိုင် ၈ ရက် နံနက်က ပွင့်ဖြူမြို့ မုန်းချောင်း သဘာဝရေပြင်၌ ပြုလုပ်သည်။



မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အသင့်စုဖွဲ့ထားရှိသော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ရှာဖွေကူညီ ကယ်ဆယ်နိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ ရေပြင် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ရေဘေးကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် မုန်းချောင်းသဘာဝရေပြင်တွင် စနစ်တကျ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

* ***ကျောဖုံးမှ***

အာဂျင်တီးနားအသင်းသည် ကိုပါအမေရိက ပြိုင်ပွဲ ကွာတားဖိုင်နယ်၌ အီကွေဒေါအသင်းကို အကြိတ်အနယ်ကစားပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ် တက်လှမ်းလာသည့် အသင်းဖြစ်သည်။ ထိုနည်းတူ ပြိုင်ဘက် ကနေဒါအသင်းကလည်း ကွာတားဖိုင်နယ်တွင် ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြသထားနိုင်သည့် ဗင်နီဇွဲလားအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး–သုံးဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသည့်အသင်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ကိုပါအမေရိက ပြိုင်ပွဲ၌ ဖလားဆွတ်ခူးနိုင်ခြေမြင့်မားသည့် အသင်းတစ်သင်း ဖြစ်သည့်အပြင် ကစားသမားတစ်ဦးချင်း စွမ်းဆောင်ရည်ပိုင်း၊ အသင်းစုဖွဲ့မှုပိုင်းတွင် ပြိုင်ဘက် ကနေဒါအသင်းထက် သာလွန်သည့်အဆင့်တစ်ခုတွင် ရှိသည်ကို သတိပြုရမည်။ သို့သော်ငြား ပြိုင်ဘက်တိုင်းကို အခက်တွေ့အောင် ကစားနိုင်စွမ်းရှိသည့် ကနေဒါအသင်း၏ ကစားဟန်ကြောင့် အာဂျင်တီးနားအသင်း သွင်းဂိုးရရှိရေး ရုန်းကန်ရနိုင်သည်။

အာဂျင်တီးနားနှင့် ကနေဒါအသင်းတို့သည် ဇွန် ၂၁ ရက်က အုပ်စုအဖွင့်ပွဲစဉ်တွင် နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားပြီး အာဂျင်တီးနားအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိထားသည်။ ဒါကြောင့် ဒီတစ်ကြိမ်တွေ့ဆုံမှုတွင် ကနေဒါအသင်းအနေဖြင့် အဆိုပါရှုံးကြွေးကို ပြန်ဆပ်ကာ ဗိုလ်လုပွဲကို တက်လှမ်းသွားမည်လား သို့တည်းမဟုတ် ရှုံးပွဲထပ်မံကြုံတွေ့ကာ ဗိုလ်လုပွဲ တက်လှမ်းခွင့် လွဲချော်သွားမည်လား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၈** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံခြားရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ဇေယျာဌာနီလမ်းတစ်ဖက်ရှိ လျှိုပိတ်ဆည်ဘေး မြေကွက်လပ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်း အမှတ်အဖြစ် သတ်မှတ်နေရာ အသီးသီးတွင် ကျွန်းပင်နှင့် ဆီသပြေပင် စုစုပေါင်းအပင် ၁၅၀ ကို စိုက်ပျိုးကြသည်။ **(ယာပုံ)**

ဝန်ထမ်းများစုပေါင်း၍ တပျော်တပါးသစ်ပင်စိုက်ပျိုးနေမှုကို ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများကို အွန်လိုင်းဖြင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ် ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများကို နေပြည်တော် ရှိ ပညာရေးဝန်ကြီးဌာန အစည်း အဝေးခန်းမမှ အွန်လိုင်းဖြင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်း အတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ ပြီး တက္ကသိုလ်ပါမောက္ခချုပ် များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်ပညာရေးမှူးများ က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက ကျောင်းများဖွင့်လှစ်ခဲ့ သည့် တစ်လကျော် ကာလအတွင်း စာသင်ခန်းများတွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ များ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားသင်ယူနေကြပြီ ဖြစ် ကြောင်း၊ အခြေခံပညာကျောင်းသား ကျောင်းသူ ၇ ဒသမ ၄ သန်းခန့် အေးချမ်းစွာ ပညာသင်ယူနိုင်ရေး အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို အထူး ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက် ပါကြောင်း၊ မိမိတို့ဝန်းကျင်တွင် ရှိသည့် ကျောင်းနေအရွယ်ကလေး တိုင်း ကျောင်းသို့ရောက်ရှိရေး၊ KG+9 အခြေခံပညာအလယ်တန်း အဆင့် ပညာသင်ယူပြီးမြောက် ရေးအတွက်လည်း ဆက်လက်၍ ဝိုင်းဝန်းလက်တွဲ ကူညီဆောင်ရွက် ပေးကြစေလိုပါကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိဘမဲ့ကလေးများ၊ ပရဟိတ ကျောင်းများမှ ကလေးများ၊ စစ်ဘေးရှောင်ကလေးများ ကျောင်း သို့ ရောက်ရှိလာသည့်အခါ စိတ်ခွန်အားပေး၍ နွေးနွေး ထွေးထွေးဖေးမကူညီစောင့်ရှောက် ပေးကြစေလိုကြောင်း၊ ဆရာ ဆရာမဟူသည် ကျောင်းသား ကျောင်းသူများ၏ ပုံ့ကိုင်ရှင်များ ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူ များ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရန်၊ မိမိ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ကို ထိန်းသိမ်းစောင့်ရှောက်စေရန်၊ မိဘ၊ ဆရာနှင့် အသက်ကြီးသူများ အပေါ် ဂါရဝတရားရှိစေရန် ဆုံးမပဲ့ပြင် ပေးကြစေလိုကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဟူသော ဆောင်ပုဒ်သည် ပညာရေး ဝန်ကြီးဌာန တစ်ခုလုံးအတွက် ကိုယ်စားပြုပါကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအရည်အသွေး များ တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်၍ မိမိတို့ သင်ကြားလိုက်သည့် တပည့် ကျောင်းသား ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အရည်အသွေးများ တိုးတက်မြင့်မား သူများဖြစ်အောင် ပြုစုပျိုးထောင် ပေးကြရမည်ဖြစ်ကြောင်း။

လူငယ်များ၏ ကောင်းသော အသိကို မြင့်တင်ကာ ပညာသတိ၊ ယဉ်ကျေးလိမ္မာ အသိရှိအောင် သင်ပြလေ့ကျင့် ပေးကြစေလို ကြောင်း၊ တက္ကသိုလ်များ၊ ကျောင်း များ၏ ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ ချုံပုတ်များ ကင်းစင်ရေးအတွက် အလေးထား ဆောင်ရွက်ရန်နှင့် မိုးတွင်းကာလ ဖြစ်၍ စာသင်ဆောင်၊ ကျောင်း ဆောင်များနှင့် မလွတ်ကင်းသည့် သစ်ပင်ကြီးများရှိပါက မလွတ် ကင်းသည့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်း၍ အလင်းဖွင့် ပေးရန်လိုကြောင်း၊ ပညာရေး ဝန်ထမ်းများအနေဖြင့် နိုင်ငံတော် အစိုးရ၏ မူဝါဒများ၊ လက်ရှိ ဆောင်ရွက်နေသည့် ပညာရေး မူဝါဒများ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် မိမိ၏လုပ်ငန်း တာဝန်များကို သိရှိနားလည်ရန် လိုအပ်ပြီး ပါတီနိုင်ငံရေးကင်းရှင်း ၍ နိုင်ငံအတွက် သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင် ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူတိုင်း ပညာသင်ယူမှု အခွင့်အလမ်း အပြည့်အဝရရှိစေ ရေး အလေးထားဆောင်ရွက်ပေး ကြစေလိုကြောင်း ပြောကြား သည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျောင်းနေ အရွယ် ကျောင်းသားအားလုံး ကျောင်းစာသင်ခန်းအတွင်း ရောက် ရှိရေးအတွက် အရည်အသွေးရှိ သော သင်ကြားနည်းစနစ်များနှင့် သင်ယူမှု ဝန်းကျင်ကောင်းတို့ဖြင့် ဆွဲဆောင် စည်းရုံးပေးကြရန် မှာကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက ဆရာ ဆရာမများ အထက်အောက် အပြန်အလှန် လေးစားတန်ဖိုးထား ၍ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပညာရေးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ကြ ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမြဲတမ်း အတွင်းဝန်၊ အခြေခံပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆရာ အတတ်ပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်တို့က သက်ဆိုင်ရာ ဦးစီးဌာနအလိုက် အကောင် အထည်ဖော် ဆောင်ရွက်ရမည့် ပညာရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ဘားအံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကရင် ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာန (ဘားအံရုံးခွဲ)တို့ပူးပေါင်း၍ အမှိုက်များ စနစ်တကျ ခွဲခြားခြင်းနှင့် သိမ်းဆည်းခြင်း အလေ့အကျင့် ကောင်းများ ပေါ်ထွန်းရေးနှင့် ထုံးကျောက်တောင် ဂေဟစနစ်များအကြောင်း သိရှိစေရန် ရည်ရွယ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ် များ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၇ ရက်က ဘားအံခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပ သည်။

အခမ်းအနားတွင် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့် က အမှာစကားပြောကြားပြီး ဘားအံတက္ကသိုလ်၊ ပြည်နယ်သစ်တောဦးစီးဌာန၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့မှတာဝန်ရှိသူများက သစ်တောသစ်ပင် ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်စီမံခန့်ခွဲမှုအကြောင်း၊ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟနစ် များ ထိန်းသိမ်းရေးအကြောင်း၊ ကရင်ပြည်နယ်အတွင်း ရှိသမိုင်းဝင်ဂူဘုရားများ၏ ပထဝီဝင်ဆိုင်ရာအကြောင်း များ၊ စသည်တို့ကို ဆွေးနွေးပို့ချပေးသည်။ အဆိုပါ သင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိသဘာဝအခြေခံ ခရီးသွားခရီးစဉ်ဒေသများ စီမံခန့်ခွဲမှုကော်မတီများ မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဆက်စပ် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

ဒုတိယခြေစမ်းပွဲကို ဇူလိုင် ၁၂ ရက် တွင် ထပ်မံကျင်းပမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲအတွက် အိန္ဒိယ အမျိုးသမီးအသင်း နည်းပြချုပ် လန်ဂန်ချော်ဘာဒေဝီက “မြန်မာ အသင်းနဲ့ ၂၀၁၉ တုန်းက အိုလံပစ် ခြေစစ်ပွဲ ဒုတိယအဆင့် ပွဲစဉ် အဖြစ် ရင်ဆိုင်ဖူးပြီး သုံးဂိုးစီ သရေကျခဲ့ပါတယ်။ ကျွန်မတို့ အသင်းအနေနဲ့ ဒီကိုလာပြီး ခြေစမ်းပွဲမကစားမီမှာ ဥဇဘက် ကစ္စတန်နဲ့ ခြေစမ်းပွဲနှစ်ပွဲ ကစား လာခဲ့ပါတယ်။ ဒီနှစ်ထဲမှာ ခြေစမ်းပွဲ ခုနစ်ပွဲလောက် ကစားခဲ့ ပြီးပါပြီ။ အသင်းမှာ လူငယ် သွေးသစ်ကစားသမားတွေနဲ့ ဝါရင့် ကစားသမားတွေကို ပေါင်းစပ် ရွေးချယ်ထားပါတယ်။ ဒီခြေစမ်း ပွဲနဲ့ပတ်သက်လို့ ပြောရရင်တော့ နည်းပြတိုင်းက အနိုင်ရချင်ကြ တာချည်းပါပဲ။ မြန်မာအသင်းဟာ တောင့်တင်းတဲ့ အသင်းကောင်း တစ်သင်းပါ။ ကျွန်မတို့အနေနဲ့ ပြိုင်ဘက်အသင်းအပေါ် လေးစား မှုရှိပေမယ့် အနိုင်ရလဒ်အတွက် အစွမ်းကုန် ကြိုးစားသွားမှာပါ”ဟု ပြောကြားသည်။

မြန်မာအမျိုးသမီး အသင်း နည်းပြချုပ် ယုကီတက်ဆုရိုက “ကျွန်တော်တို့ အသင်းအနေနဲ့ မတ်လတုန်းကတစ်ကြိမ် စုစည်း ပြီး လေ့ကျင့်ထားခဲ့ပါသေးတယ်။ အခုကစားမယ့် အိန္ဒိယနဲ့ ခြေစမ်းပွဲ မတိုင်မီမှာတော့ ပြင်ဆင်ချိန် သုံးပတ်ခန့်ရရှိခဲ့ပါတယ်။ အသင်း အနေနဲ့ ဒီနှစ်ထဲမှာ နိုင်ငံတကာ ပွဲစဉ်တွေ နည်းပါးနေချိန်မှာ အိန္ဒိယလိုအသင်းကောင်းတစ်သင်း နဲ့ ခြေစမ်းပွဲနှစ်ပွဲ ကစားရမှာဖြစ် လို့ သိပ်ကိုကောင်းမွန်တဲ့ အခွင့် အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေး ကို တန်ဖိုးထားပြီးတော့လည်း ပြင်ဆင်သွားပါ့မယ်။ ကစားကွက် ကို နောက်တန်းကနေ သေချာ ပြင်ဆင် တည်ဆောက်ပြီးတော့ ရလာတဲ့ အခွင့်အရေးတွေကို ရှေ့တန်းကနေ အကောင်းဆုံး အသုံးချနိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်” က ပြောကြားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

**ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြေနေရာတွင် ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို တတိယအကြိမ် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် နွေရာသီတွင် မြန်မာနိုင်ငံ၌ အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ခဲ့ရပြီး အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ မြို့များသည် ကမ္ဘာ့အပူဆုံးမြို့များစာရင်းတွင် ထိပ်တန်းမှ ပါဝင်လာခဲ့ကြောင်း။

**သုံးနှစ်ဆက်တိုက် စီစဉ်ကျင်းပ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တည်ရှိသည့် နေပြည်တော်၊ တပ်ကုန်းမြို့နယ်သည်လည်း ပူပြင်းခြောက်သွေ့သော ဒေသတွင် ပါဝင်သဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပိုင် မြေနေရာတွင် သုံးနှစ်ဆက်တိုက်ရွေးချယ်သတ်မှတ်ပြီး စီစဉ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ရှိပြီးသစ်ပင်များကို ထိန်းသိမ်းမှုအပြင် နှစ်စဉ်သစ်ပင်စိုက်ပျိုးမှုများ ပြုလုပ်လာခြင်းကြောင့် ယခုအခါတောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလာသကဲ့သို့ စတင်မြင်တွေ့လာရပြီဖြစ်ပါကြောင်း။

သစ်ပင်သစ်တောများကို ပြုစုပျိုးထောင်ထိန်းသိမ်းလာနိုင်မှုနှင့်အညီ စိမ်းလန်းစိုပြည်လာပြီး ရာသီဥတုမှန်ကန်လာမှုကိုလည်း မျက်မြင်တွေ့မြင်သိရှိကြပြီး ဖြစ်ပါကြောင်း၊ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးနှင့် တန်ဖိုးကို သိရှိနားလည်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်စေရေး အထောက်အကူပြုနိုင်ရန်၊ ဂေဟစနစ်ကို ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်ချက်များနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်ပြီး နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင် သစ်တောစိုက်ခင်းများ အပါအဝင် တစ်နိုင်ငံလုံးတွင် သစ်ပင်ပေါင်း ၂၂ သန်း စိုက်ပျိုးတည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

"ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု" ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရန်အတွက် သစ်တောများ၏ အရေးပါမှုကို သိရှိနားလည်ပြီး စိုက်ပျိုးခဲ့ကြသည့် သစ်ပင်များအားလုံး ရှင်သန်စေရန်အတွက် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးကြရန်နှင့် ရှိပြီးဖြစ်သော သဘာဝတောကျန်သစ်ပင်များကိုလည်း အားလုံးဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

**စိုက်ပျိုးမည့်ပျိုးပင်များ ခွဲဝေပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနရှိ ဌာနဆိုင်ရာများအလိုက် စိုက်ပျိုးမည့်ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို သစ်တောဦးစီးဌာန နေပြည်တော် ဥတ္တရခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်က လွှဲပြောင်းပေးအပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့က မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက သစ်ပင်/ပျိုးပင်များကို ဆက်လက်၍ စုပေါင်းစိုက်ပျိုးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ငါးကန်တွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ငါးမျိုးများကို ဦးစွာစိုက်ထည့်ပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများက ငါးမျိုးများကို ဆက်လက် စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဆိတ်ကောင်ရေ ၂၃၆ ကောင်နှင့် ဘဲကောင်ရေ ၅၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများသက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်ရေး ထိရောက်အောင် စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

**ငါးသားပေါက်ကောင်ရေ ၅၀၀၀ ငါးမျိုးစိုက်ထည့်**

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်/ ပျိုးပင်ပေါင်း ၁၆၀၀ စိုက်ပျိုးခဲ့ကြောင်း၊ ဒုတိယအကြိမ်တွင် သစ်ပင်/ ပျိုးပင်ပေါင်း ၁၄၀၀ နှင့် စိန်တစ်လုံးသရက်ပျိုးပင် ၆၂၅ ပင် စုစုပေါင်း သစ်ပင်ပျိုးပင်ပေါင်း ၂၀၂၅ ပင် စိုက်ပျိုးမှုနှင့်အတူ ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀ ကိုလည်း ငါးမျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်/ပျိုးပင်ပေါင်း ၁၅၀၀ နှင့် စိန်တစ်လုံးသရက်ပင် ၅၀၀ စုစုပေါင်း သစ်ပင်/ ပျိုးပင်ပေါင်း ၂၀၀၀ စိုက်ပျိုးခဲ့ပြီး ငါးမျိုးစိုက်ထည့်ပွဲတွင် ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Virtual Studio တွင် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) မှ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူဝန်ထမ်းနှစ်ဦး၏ "ကချင်မြေကိုလာပါ"၊ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူဝန်ထမ်းနှစ်ဦး၏ "ချင်းတောင်တန်းမှ ကြိုဆိုပါ၏" နှင့် ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူဝန်ထမ်းနှစ်ဦး၏ "လမ်းမုန်း ရိုးရာပွဲ" တေးသရုပ်ဖော် ရိုက်ကူးမှုတို့ကို ကြည့်ရှုအားပေးသည်။

**ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်**

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စားရိပ်သာတွင် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ အစည်းအဝေးခန်းမ၌ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော ပစ္စည်းများတင်ဒါတင်သွင်းရန် အောင်မြင်ခဲ့ကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အရည်အသွေး မှန်ကန်ကောင်းမွန်သည့် ပစ္စည်းအမျိုးအစားကို သတ်မှတ်ချိန်အရောက် အချိန်မီတင်သွင်းနိုင်ရေး အလေးထားဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အားလုံးချစ်သည် MRTV"၊ "သီချင်းများပေါင်းစပ်ဟာသတစ်ခန်းရပ်" တေးသရုပ်ဖော်နှင့် " MRTV နှင့် ကောင်းသောနေ့" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း၊ " ချစ်စရာ့အရွယ်ကစားကြမယ် " ကလေးများ အစီအစဉ် ရိုက်ကူးထုတ်လွှင့်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုနှင့် စမ်းသပ်ရိုက်ကူးမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင် မူကြိုကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**



ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြေနေရာ၌ ကျင်းပစဉ်။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရန်ကုန်တိုင်းဒေသကြီး၌ လတ်တလောဖြစ်ပွားလျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ၁(ထူပါရုံ)ရပ်ကွက်ရှိ စံပြဥယျာဉ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း အသားငါးများ ရောင်းချရာနေရာများ၊ အခြားဈေးဆိုင်များနှင့် ဈေးအတွင်းသို့ ရေပေးဝေသည့် ရေသိုလှောင်ကန်တို့ကို လှည့်လည်ကြည့်ရှုကာ သန့်ရှင်းမှုအခြေအနေ၊ ယင်မနားအောင် ဆောင်ရွက်ရောင်းချနေမှု ရှိ / မရှိနှင့် ရေသိုလှောင်ဖြန့်ဖြူးမှုစနစ်များကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ယာပုံ)**

ထို့ပြင် ရေသိုလှောင်ကန်အား ကလိုရင်းဆေးခတ်ခြင်း၊ လက်ဆေးဆပ်ပြာရည်နှင့် ဆပ်ပြာခဲများ ဖြန့်ဝေခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးပိုစတာများကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(သာကေတ) သို့ရောက်ရှိပြီး ကျောင်းအတွင်း သောက်ရေသန့် ဖြန့်ဖြူးသည့်စနစ်နှင့် ကျောင်းအိမ်သာများ သန့်ရှင်းမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓာတ်ဆားထုပ်များ၊ လက်ဆေးဆပ်ပြာရည်နှင့် ဆပ်ပြာခဲများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအုပ်ကြီးများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့်တွေ့ဆုံပြီး လတ်တလော ဖြစ်ပွားနေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၏ ဆောင်ရွက်ခဲ့မှုများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးပေးမှုများကြောင့် အချို့မြို့နယ်များတွင် လူနာသစ်များ လျော့ကျသွားသည်ကို တွေ့ရှိရကြောင်း၊ ထပ်မံမကူးစက်စေရန် သတိထားဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များသာ စားသုံးရန်၊ ရေကိုကျိုချက်သောက်ရန်၊ အစာမစားမီနှင့် အိမ်သာမှထွက်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့်ဆေးရန်၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန် အစရှိသော ကာကွယ်ရေးလုပ်ငန်းများ၊ ကူးစက်ခံရသော လူနာများကို ရှာဖွေခြင်း၊ ကုသခြင်း၊ လွှဲပြောင်းခြင်းစသည့် ကုသရေးလုပ်ငန်းများ၊ ရောဂါနောက်ဆက်တွဲပြဿနာများကို ဖြေရှင်းရမည့် နည်းလမ်းများနှင့် အခြားသူများသို့ ထပ်မံကူးစက်မခံရစေရန် သတိထားဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် ကျန်းမာရေးအသိပညာပေးခြင်း၊ လူနာများကို စောစီးစွာ သိရှိကုသခြင်းနှင့် ယင်လုံအိမ်သာသုံးစွဲကြစေရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်စဉ် ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေးခြင်းကဲ့သို့သောအခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအခြေအနေ ပိုမိုမြင့်မားလာအောင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

ပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိစေရေးအတွက် နီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး လတ်တလောတွင် ကူးစက်မှုကွင်းဆက်ဖြတ်တောက်နိုင်ရန် ကလိုရင်းဆေးခတ်ခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လူစုလူဝေးများသော စာသင်ကျောင်းများနှင့် ဘာသာရေးနေရာများတွင်လည်း ရောဂါကာကွယ် တားဆီးနိုင်ရေးအတွက် ရေ၊ အစားအသောက်နှင့် မိလ္လာသန့်ရှင်းမှု အခြေအနေစစ်ဆေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေအရင်းအမြစ်အားလုံးကို ကလိုရင်းခတ်ရန်နှင့် လိုအပ်သော ပမာဏရှိ/မရှိ သေချာစေရန် စစ်ဆေးရမည်ဖြစ်ကြောင်း၊ လူနာများကို ကုသရာတွင် လိုအပ်သော ဆေးဝါးပစ္စည်းများကိုပြည်သူ့ဆေးရုံများတွင် လုံလောက်စွာ ထောက်ပံ့ပေးပြီး ဓာတ်ခွဲစစ်ဆေးမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ခံရသူတိုင်းကို ကုသရေး လမ်းညွှန်ချက်များနှင့်အညီ ကုသမှုရရှိနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

### တင်ပြဆွေးနွေး

ထို့နောက် အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ဝင် ပါမောက္ခစိုးလွင်ငြိမ်းက ပညာရပ်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

### ဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ Chlorine Drum ၄၀နှင့် Water Purification Tablet ၅၀၀၀၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအားတွေ့ဆုံပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးစဉ်။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်



**ပုသိမ် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ မုန့်ဆိုင်များနှင့် မြို့သစ်ဈေးတို့တွင် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို ဇူလိုင် ၈ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး နေရာအချို့၌ ဖြစ်ပွားလျက်ရှိသော ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ ရောဂါဖြစ်ပွားစေနိုင်သည့် အသုံးအဆောင်ပစ္စည်းများ၊ ရောဂါကူးစက်ပုံများ၊ ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြပြီး စားသောက်ဆိုင်ဝန်ထမ်းများနှင့် စားသုံးသူများအား အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ ကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း**

(ပြန်/ဆက်)

# ပြင်သစ် အောက်လွှတ်တော်တွင် လက်ဝဲယိမ်းမဟာမိတ်အဖွဲ့ အင်အားအကြီးဆုံးဖြစ်လာ

**ပါရီ ဇူလိုင် ၈**

ပြင်သစ်လက်ဝဲယိမ်း မဟာမိတ်အဖွဲ့သည် ရွေးကောက်ပွဲအကြိုခန့်မှန်းချက်များနှင့် ဆန့်ကျင်သည့် ရလဒ်များဖြင့် အောက်လွှတ်တော်တွင် အင်အားအကြီးဆုံးဖြစ်လာသော်လည်း မည်သည့်ပါတီမှ အစိုးရဖွဲ့ရန် လုံလောက်သည့် မဲအရေအတွက် ရရှိခြင်း မရှိသေးပေ။

ဇူလိုင် ၇ ရက်တွင် တစ်ကျော့ပြန်ကျင်းပသည့် ရွေးကောက်ပွဲတွင် လက်ဝဲယိမ်း New Popular Front ပါတီက အောက်လွှတ်တော် အမတ် ၅၇၇ နေရာအနက် အမတ်နေရာ ၁၈၀ ကို ရယူနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်ကို ဖရန့်အင်ဖို ပြည်သူ့အသံလွှင့်ဌာနက ဖော်ပြသည်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၏ ဗဟိုညွန့်ပေါင်းအဖွဲ့က အမတ်နေရာ ၁၅၈ နေရာ ရရှိခဲ့ပြီး အမျိုးသားစည်းလုံးရေးပါတီနှင့် ယင်း၏ မဟာမိတ်များက အမတ်နေရာ ၁၄၃ နေရာ အနိုင်ရရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့်တစ်ပတ်က ကျင်းပခဲ့သည့် အောက်လွှတ်တော်ရွေးကောက်ပွဲ ပထမအကျော့တွင် အမျိုးသားစည်းလုံးရေးပါတီနှင့် ၎င်း၏ မဟာမိတ်များက မဲအသာစီးရရှိခဲ့သော်လည်း New Popular Front ပါတီက အမျိုးသားစည်းလုံးရေးပါတီ၏ အင်အားကြီးထွားမှုကို တားဆီးနိုင်ရန်အတွက် ၎င်းတို့ပါတီ၏ ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒနယ် ၂၀၀ ကျော်တွင် မက်ခရွန်၏ ညွန့်ပေါင်းမဟာမိတ်ပါတီများနှင့် ပူးပေါင်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ဂျပန်နိုင်ငံ ဒေသအတော်များများတွင် အပူချိန်မြင့်တက်လျက်ရှိပြီး တချို့သေဆုံး

**တိုကျို ဇူလိုင် ၈**

ဇူလိုင် ၈ ရက်တွင် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်း၌ အန္တရာယ်ဖြစ်ပေါ်နိုင်လောက်သည်အထိ အပူချိန်မြင့်တက်ခဲ့ပြီး တချို့ဒေသများတွင် အပူချိန်သည် ၄၀ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။

ဇူလိုင် ၈ ရက်တွင် အဓိကအားဖြင့် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ လေဖိအားမြင့်မားလျက်ရှိပြီး ယင်းက အပူချိန်မြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနက ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံအနောက်ပိုင်း ဝါကာယာမခရိုင် ရှင်ဂူမြို့၌ နေ့အပူချိန်သည် ၃၉ ဒသမ ၆ ဒီဂရီ ဆဲလ်စီးယပ်အထိ ရှိနေချိန်တွင် တိုကျိုရှိ ဖူချူမြို့တွင် ၃၉ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်အထိ ရှိခဲ့သည်။

မိုးလေဝသဌာန၏ မှတ်တမ်းများအရ နှစ်အလိုက် မှတ်တမ်းတင်ထားခဲ့သော အပူချိန်များအနက် ယခုနှစ်အပူချိန်သည် အမြင့်ဆုံးအပူချိန်များဖြစ်ကြောင်း သိရသည်။

အန္တရာယ်ဖြစ်စေနိုင်လောက်သည်အထိ မြင့်မားသော အပူချိန်များဖြစ်သည့် အပူချိန် ၃၈ ဒသမ ၉ ဒီဂရီ ဆဲလ်စီးယပ်နှင့် ၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်သည် ဂျပန်နိုင်ငံ အလယ်ပိုင်း မီခရိုင် ကူဝါနာမြို့နှင့် တိုကျိုအနီး ဆိုင်တာမမြို့တို့တွင် ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ဂျပန်နိုင်ငံအလယ်ပိုင်း ဇီဆူအိုကာမြို့တွင် ၃၇ ဒသမ ၄၊ ကျိုတိုမြို့တွင် ၃၆ ဒသမ ၇နှင့် ဂျပန်နိုင်ငံအနောက်တောင်ပိုင်း အိုအီတာမြို့တွင် ၃၆ ဒသမ ၆နှင့် တိုကျို အလယ်ပိုင်းတွင် ၃၆ ဒီဂရီဆဲလ်စီးယပ်အထိ အသီးသီးရှိကြသည်။

ညတွင်းချင်းအပူချိန်သည် နောက်နေ့နံနက်ပိုင်းအထိ ၂၅ ဒီဂရီဆဲလ်စီးယပ်အထိ ကျော်လွန်ရောက်ရှိနိုင်သည်။

မြင့်မားသော အပူချိန်သည် ဇူလိုင် ၉ ရက်တွင် နောက်တစ်ဖန်မြင့်တက်လာနိုင်သေးသောကြောင့် အပူချိန်ကို သတိထားကြရန် ပြည်သူများကို မိုးလေဝသဌာနက အကြံပေးထားသည်။

ထို့အပြင် စိုစွတ်မှုလည်းရှိနေသောကြောင့် မိုးလေဝသဌာနနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနက ကန်တိုဒေသမှ အိုကီနာဝါဒေသအထိ ခရိုင် ၁၁ ခုတွင် အပူလျှပ်ခြင်း ဖြစ်ပေါ်နိုင်သည်ကိုပါ သတိပေးချက်ထုတ်ပြန်ထားသည်။ အများစုသည် အပူလျှပ်ခြင်းကို နေ့စဉ်ခံစားရနိုင်ပြီး ၎င်းတို့အနက် အချို့မှာ သေဆုံးခဲ့ကြသည်။

ပြည်သူများကို မလိုအပ်ဘဲ အပြင်ထွက်ခြင်း မပြုရန်နှင့် လေအေးပေးစက်အသုံးပြုကြရန်၊ ရေများများသောက်ရန်နှင့် ဆားအနည်းငယ်စားကြရန် အကြံပေးထားသည်။

မိသားစုဝင်များအနေဖြင့် သက်ကြီးမိဘ ဘိုးဘွားများနှင့် ကလေးများကို ဂရုစိုက်စောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီး၊ မြေပြိုမှုများကြောင့် မိုင်းလုပ်သား ၄၆ ဦး ပျောက်ဆုံး

**ဂျကာတာ ဇူလိုင် ၈**

အင်ဒိုနီးရှားနိုင်ငံ ဂိုရွန်တာလိုပြည်နယ်ရှိ ရွှေမိုင်းတွင်းတစ်ခု၌ မြေပြိုမှုနှင့် ရုတ်တရက်ရေကြီးမှုကြောင့် လူ ၄၆ ဦး ပျောက်ဆုံးနေကြောင်း အကြီးတန်းကယ်ဆယ်ရေးသမားတစ်ဦးက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

ဒေသခံအများအပြားက ၎င်းတို့၏ မိသားစုဝင်များ ပျောက်ဆုံးနေကြောင်း သတင်းပို့တိုင်ကြားမှုများ ဆက်တိုက်ရှိနေပြီး ယခုအချိန်အထိ လူ ၄၆ ဦး ပျောက်ဆုံးနေသည်ဟု ကြေညာထားကြောင်း ပြည်နယ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံး၏အကြီးအကဲ ဟာရီယန်တိုက ပြောသည်။

သေဆုံးသူများအနက် မိုင်းတွင်းလုပ်သားများနှင့် ရွာသားများပါဝင်ပြီး မိုင်းတွင်းဇုန်အတွင်း စခန်းများတွင်နေထိုင်ကြသည့် မိုင်းလုပ်သားများ ပါဝင်ကြောင်း၊ ဇူလိုင် ၆ ရက် ညသန်းခေါင်ယံက မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဖြစ်ပွားသည့် အဆိုပါ သဘာဝဘေးမှ လူ ၂၄ ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့သည်ဟု ဆိုသည်။

သေဆုံးသူအများအပြား ပိတ်မိနေသည်ဟု ယူဆရသည့် နေရာများသို့ လူပေါင်း ၂၃၀ ပါဝင်သော ပူးပေါင်းကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်ထားပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ္တုတူးဖော်သည့်နေရာများသို့ စက်ယန္တရားကြီးများ ဝင်ရောက်နိုင်ရန်အတွက် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အစ္စရေး လေကြောင်းတိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာ အရာရှိတစ်ဦး သေဆုံး

**ဘေရွတ် ဇူလိုင် ၈**

လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ ကားတစ်စီးနှင့် ဆိုင်ကယ်တစ်စီးကို တနင်္လာနေ့အစောပိုင်းက ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အစ္စရေးလေကြောင်းတိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာအရာရှိတစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်တပ်မတော်သတင်းအရင်းအမြစ်များက ပြောသည်။

အစ္စရေးဒရုန်းတစ်စင်းက ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များဖြင့် ကားတစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပစ်ခတ်မှုများကြောင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးပြီး ကားယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ နှစ်ဦးစလုံးကို လူနာတင်ယာဉ်ဖြင့် တိုင်ရာမြို့ရှိ အီတလီဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်မောင်းနှင်သူမှာ လက်ဘနွန်တောင်ပိုင်းနယ်စပ်ဒေသ၏ အနောက်ဘက်ခြမ်းဒေသတွင် စစ်ရေးတာဝန်ယူဆောင်ရွက်နေသည့် ဒေသန္တရစစ်ဘက်အရာရှိ မူစတာဖာဟာဆန်ဆော်လ်မန်းဆိုသူ ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် အစ္စရေးစစ်ဘက်သုံးလေယာဉ်တစ်စင်းက လက်ဘနွန်နိုင်ငံတောင်ပိုင်း ဂျက်ဇိုင်းခရိုင်ရှိ မွေးမြူရေးခြံတစ်ခုကိုလည်း ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် နှစ်ထပ်နေအိမ်တစ်လုံး ပျက်စီးကာ ဆိတ်နှင့် သိုးအကောင်ရေ ၇၀၀ သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ လေးရက်ကြာ ပိုလီယိုရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှု စတင်

**ကဘူးလ် ဇူလိုင် ၈**

လေးရက်ကြာ တစ်အိမ်တက်ဆင်း ပိုလီယိုရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှုကို တနင်္လာနေ့က အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ် ၃၄ ခုအနက် ၂၃ ခုတွင် စတင်ခဲ့ကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။


ဇွန် ၃၀ ရက်က ကဘူးလ်မြို့၌ ကလေးငယ်တစ်ဦး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှု ခံယူစဉ်။

အဆိုပါ လှုပ်ရှားဆောင်ရွက်မှုအတွင်း အသက် ငါးနှစ်အောက် ကလေးငယ်ရှစ်သန်းခန့်ကို ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း တိုလိုနယူးစ်သတင်းဌာနက တနင်္လာနေ့တွင် ပြောသည်။ အာဖဂန်ကလေးငယ်များ ပိုလီယိုရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် ဇွန် ၃ ရက်တွင် ဒုတိယအကြိမ် တစ်နိုင်ငံလုံးအနှံ့ ပိုလီယိုရောဂါ တိုက်ဖျက်ရေး လှုပ်ရှားမှုကို စတင်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် ပိုလီယိုရောဂါကို အမြစ်ဖြတ်ရန် နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ငွေစင်ပုလဲ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူက စက်ရုံလည်ပတ်နေမှုနှင့် အရည်အသွေးစစ်ဆေးမှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းမှုလျှော့ချရေးနှင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လိုအပ်သည့် ကုန်ကြမ်းများ လုံလောက်စွာရရှိရေးအတွက် နို့စားနွား မွေးမြူရေးလုပ်ငန်းများ စနစ်တကျ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများ သမဝါယမစနစ်ဖြင့် မွေးမြူနိုင်ရေးလိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ အစာများရရှိရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော ကုန်ကြမ်းများကို နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခက်အခဲများရှိပါက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၁၆) အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်း၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသားကျောင်းသူ ၈၀၀ ကျော်အတွက် အာဟာရဒါနအဖြစ် နွားနို့များ လှူဒါန်းတိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငွေစင်ပုလဲ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်စနာရီတွင် အဆိုပါ တက္ကသိုလ်နီလာခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်က ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် တာဝန် ထမ်းဆောင်လျက်ရှိပြီး နိုင်ငံ၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးမြင့်မား ထက်မြက်လာစေရန်၊ ဦးဆောင်နိုင်မှု စွမ်းရည်တိုးတက်လာစေရန်နှင့် အနာဂတ်တွင် အဆင့်မြင့် အရာရှိကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု အရည်အသွေးများ တိုးတက်လာအောင် လေ့လာဆန်းစစ်ပြီး အကျိုးရှိသော၊ အပြုသဘောဆောင်သော စိတ်ဓာတ်များကို မွေးမြူ၍ ယုံကြည်ချက်ခိုင်ခိုင်မာမာနှင့် မိမိတို့ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်နိုင်ရေး နည်းပေးလမ်းပြကြရန်၊ နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုယန္တရား အောင်မြင်စွာ လည်ပတ်နိုင်စေရေး ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းရွက်ရုံသာမက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စေတနာထားဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ မူဝါဒ၊ မျှော်မှန်းချက်၊ ဦးတည်ချက်များကို အဆင့်မြင့်အရာရှိကောင်းများအဖြစ် စွမ်းစွမ်းတမံ ကြိုးပမ်း အကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၈ ရက်မှ စက်တင်ဘာ ၄ ရက်အထိဖြစ်ကြောင်း၊ သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် ပညာဌာနရှစ်ခုမှ ဆရာ ဆရာမများ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက ၎င်းတို့၏အတွေ့အကြုံနှင့် ပညာရပ်ပိုင်းဆိုင်ရာများကို သင်ကြားပို့ချမည်ဖြစ်သည့်အပြင် လက်နက်ငယ်ပစ်ခတ်ခြင်းနှင့် အခြေခံကာကွယ်ရေးပညာရပ်များကိုစာတွေ့၊ လက်တွေ့ လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရမ်းမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်

**ခရမ်း ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက ခရမ်းမြို့နယ်အတွင်းရှိ ဈေးများ၊ အခြေခံပညာကျောင်းများ၊ လမ်းဘေး ဈေးများတွင် ကွင်းဆင်း ဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကြက်ခြေနီ၊ မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများက ခရမ်းမြို့မဈေးကြီးအတွင်းနှင့် မော်တော်ဆိပ်၊ ကယ်ရီဂိတ်များနှင့် လူစည်ကားရာနေရာများတွင် ဈေးသည်များ ရောင်းချနေသော အစားအစာများ သန့်ရှင်းလတ်ဆတ်မှုရှိအောင် ရောင်းချရန်နှင့် ခြင်၊ ယင်များ မနားစေရန်၊ လတ်ဆတ်သော အစားအစာများသာ ရောင်းချရန်၊ သန့်ရှင်းသောရေကို သောက်သုံးရန်၊ လက်၊ အိမ်သာ သန့်ရှင်းစွာထားရှိရန်၊ မိုးရာသီကာလတွင် ဖြစ်ပွားမှု များပြားနိုင်သည့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိလိုက်နာစေရန်အတွက် လက်ကိုင်စပီကာများဖြင့် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း )**

## ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

**(၈–၇–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၀–၆–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၇–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၃,၆၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် (၄၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ရေး

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကို ကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# လေ့လာဆည်းပူးတတ်မြောက်ထားသော ဆေးပညာရပ်များကို လက်တွေ့အသုံးချကာ ဆရာဝန်တစ်ယောက်၏ စစ်မှန်သော ခံယူချက်၊ ယုံကြည်ချက်များဖြင့် ဆရာဝန်များလိုက်နာရမည့် ကျင့်ဝတ်နှင့်အညီ မြင့်မြတ်လှသည့် ဆရာဝန်စိတ်ကို အရင်းခံပြီး လူနာများခံစားနေရသော ရောဂါဝေဒနာများကို ပြုစုကုသ

**ရန်ကုန် ဇူလိုင် ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်ရှိ ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန (MEDICAL SKILLS, SIMULATION AND RESEARCH CENTER) သို့ ရောက်ရှိပြီး အလုပ်သင်ဆရာဝန်သစ်လွင်(၇/၂၀၂၄)များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက သင်ကြားရေးဆေးရုံကြီးများနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ဇူလိုင် ၁ ရက်မှစ၍ အလုပ်သင်ဆရာဝန်လေ့ကျင့် တာဝန်ထမ်းဆောင်ကြမည့်သူများမှာ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ် (မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး)စသည့်ဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန် ၁၂၇၅ ဦး၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) စသည့်တက္ကသိုလ်တို့မှ ၂၃ ဦး စုစုပေါင်း ၁၂၉၈ ဦးရှိပြီး မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလို

နိုင်ငံတော်၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး အသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးဆိုသည့် လူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးဒေသ အောက်ခြေထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသပေးခြင်းစသည့် အရေးကြီးသည့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍများတွင် မိမိသင်ယူတတ်မြောက်ထားသော ဆေးပညာရပ်များကို အခြေခံပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း။

### စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ကြစေလို

နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ်မှ စတင်ပြီး အလုပ်သင်ဆရာဝန် ချီးမြှင့်ငွေကို တိုးမြှင့်၍ ချီးမြှင့်ပေးခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင်လည်း မိမိတို့တာဝန်ကျရာဒေသရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ခေတ်ကာလအခြေအနေအရပြောင်းလဲလာသော ဆေးကုသမှုစနစ်များကို လေ့လာပြီး ဆရာဝန်ကောင်းတစ်ယောက်တွင် ရှိသင့်သည့် ဝတ်စားဆင်ယင်မှု၊ ဉာဏ်ရည်ဆိုင်ရာ စွမ်းရည်(IQ)၊ စိတ်ခံစားမှုဆိုင်ရာ စွမ်းရည် (EQ)၊ လူမှုရေးဆိုင်ရာ စွမ်းရည် (SQ)နှင့် အခက်အခဲ ရင်ဆိုင်နိုင်မှုစွမ်းရည် (AQ) စသည့် အရည်အချင်းကောင်းများကို မွေးမြူ၍ အရက်သေစာသောက်စားခြင်းများ၊ မူးယစ်ဆေးဝါးများ၏ အန္တရာယ်မှ ကောင်းစွာရှောင်ကြဉ်ပြီး လေ့လာဆည်းပူးတတ်မြောက်ထားသော ဆေးပညာရပ်များကို လက်တွေ့အသုံးချကာ ဆရာဝန်တစ်ယောက်၏ စစ်မှန်သော ခံယူချက်၊ ယုံကြည်ချက်များဖြင့် ဆရာဝန်များ လိုက်နာရမည့် ကျင့်ဝတ်နှင့်အညီ စိတ်ဓာတ်မယိမ်းယိုင်ဘဲ မြင့်မြတ်လှသည့် ဆရာဝန်စိတ်ကို အရင်းခံပြီး Professional ပီသစွာဖြင့် လူနာများ ခံစားနေရသော ရုပ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများ၊ စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများကို ပြုစုကုသပေးသွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အလုပ်သင်ဆရာဝန်သစ်လွင် မောင်မယ်များကို ဆရာဝန်စိတ်ဓာတ်နှင့် အရင်းခံ၍ ခံယူချက် ကောင်းကောင်းထားကာ စိတ်ရောကိုယ်ပါကြိုးစားတာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားကြသည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သင်ဆရာဝန်သစ်လွင် မောင် မယ် များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အဆိုပါအဆောက်အဦ ဒုတိယအလွှာရှိ Non Technical Skill Lab ၌ သင်ကြားလျက်ရှိသော Basic Surgical Skill Course အခြေခံခွဲစိတ်ကုဆိုင်ရာသင်တန်းကို ဝင်ရောက်ကြည့်ရှု၍ တစ်ဦးချင်းစီ၏ လက်တွေ့ကြိုးစား လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်များ၊ သင်ကြားရေး ဆေးရုံအုပ်ကြီးများ၊ သက်ဆိုင်ရာ တက္ကသိုလ်များမှ သင်ကြားရေး ဆရာ ဆရာမများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ တက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်များနှင့် တာဝန်ရှိသူများက online စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခွဲခန့် (၂၈၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခွဲခန့် (၂၀၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေကျော်ခန့် (၂၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ သုံးပေခန့် (၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### နန့်ယင်းချောင်းရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

### နန့်ကောင်းချောင်းရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

### အထူးသတိပြုနေထိုင်ရန်

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---

## ရောဝတီနှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၃၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၂၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့် (၄၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့် (၆၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်ခန့် (၅၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နှစ် ၁၀၀ ပြည့်မည့် အမိစိုက်ပျိုးရေးတက္ကသိုလ်

■ ဒေါက်တာချစ် (၁၉၆၀ ပြည့်နှစ်ဘွဲ့ရ) ■

**၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်**– စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို စိုက်ပျိုးရေးဌာနက မန္တလေးမြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများကို လက်ခံ၍ သင်တန်းကာလ သုံးနှစ် တက်ရောက်ရပြီး ဒီပလိုမာဘွဲ့ကို အပ်နှင်းသည်။ ပထမဆုံး ကျောင်းအုပ်ကြီးမှာ မစ္စတာဂျေချာလ်တန်ဖြစ်သည်။ ပထမနှစ်တွင် ကျောင်းသူမပါဘဲ ကျောင်းသားချည်း ၂၄ ယောက် တက်ရောက်သင်ကြားပြီး ၁၁ ယောက် ဒီပလိုမာဘွဲ့ရရှိခဲ့သည်။

**၁၉၃၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်**– ကမ္ဘာ့စီးပွားရေးကပ်ဆိုးကြောင့် ကောလိပ်ကျောင်း ပိတ်လိုက်ရသည်။

**၁၉၃၈ ခုနှစ်**– ရန်ကုန်တက္ကသိုလ်၏ အပေါင်းပါကောလိပ်အဖြစ် ပြန်လည်ဖွင့်လှစ်သည်။ ဥပစာသိပ္ပံအောင်ပြီးသူကို လက်ခံသည်။ နှစ်နှစ်သင်တန်းဖြစ်၍ ဘီအက်စ်စီ (စိုက်ပျိုးရေး) ဘွဲ့ကို ချီးမြှင့်သည်။

**၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်**– ဒုတိယကမ္ဘာစစ်ဖြစ်၍ ကျောင်းပိတ်လိုက်ရသည်။

**၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်**– စစ်ပြီးချိန်တွင် ကြားဖြတ်ကောလိပ်အဖြစ် မလှိုင်မြို့စိုက်ပျိုးရေးဥယျာဉ်၌ ဒုတိယနှစ်သင်တန်းသားများကို ဖွင့်လှစ်သင်ကြားပေးသည်။

**၁၉၄၇ ခုနှစ်**– ရန်ကုန်တက္ကသိုလ်၏ ဖွဲ့စည်းပုံအသစ်ဖြစ်သော (Unitary System) အရ စိုက်ပျိုးရေးကောလိပ်ကို ရန်ကုန်တက္ကသိုလ် စိုက်ပျိုးရေး မဟာဌာနအဖြစ် မန္တလေးတွင် ပြန်လည်ဖွင့်လှစ်သည်။

**၁၉၄၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်**– တက္ကသိုလ်ဝင်တန်းအောင်ပြီး ကောလိပ်၌ နှစ်နှစ်တာ (Pure Science) သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးမှ စိုက်ပျိုးရေးမဟာဌာန (Faculty)၌ နှစ်နှစ်သင်တန်း တက်၍ အောင်မြင်လျှင် စိုက်ပျိုးရေးဘွဲ့ (B.Sc Ag) ကို ပေးသည်။

**၁၉၅၅ ခုနှစ်မှ ၁၉၅၆ ခုနှစ်**– နှစ်နှစ်သင်တန်းမှ သုံးနှစ်သင်တန်းသို့ တိုးချဲ့သင်ကြားပြီး ဘီအက်စ်စီ (စိုက်ပျိုးရေးဘွဲ့)အပြင် ဘီအက်စ်စီ (ပိုးမွေးမြူရေးဘွဲ့) ကိုလည်း ချီးမြှင့်သည်။

**၁၉၅၈ ခုနှစ်**– မန္တလေးဥပစာကောလိပ်သည် သီးခြားတက္ကသိုလ်ဖြစ်လာ၍ စိုက်ပျိုးရေးမဟာဌာနသည် မန္တလေးတက္ကသိုလ် လက်အောက်ခံဖြစ်လာသည်။

**၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်**– စနစ်သစ်မူဝါဒနှင့်သီးခြား စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် ရောက်ရှိလာသည်။ ဆယ်တန်း အောင်မြင်သူကို လက်ခံ၍ ငါးနှစ်သင်တန်းဖြစ်သည်။ (B.Ag) ဘွဲ့ကို ပေးသည်။

**၁၉၇၃ ခုနှစ်မှ ၁၉၇၄ ခုနှစ်**– ရေဆင်းသို့ စတင်ပြောင်းရွှေ့သည်။ ပထမနှစ်၊ ဒုတိယနှစ် သင်တန်းကို စတင်ဖွင့်လှစ်သည်။

**၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်**– မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်၌ နောက်ဆုံးနှစ်နှင့် စတုတ္ထနှစ်ရှိနေပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်တို့ရှိနေသည်။

**၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်**– ဒေသကောလိပ်များ ပေါ်ပေါက်လာပြီး ထိုကောလိပ်များမှ အောင်မြင်သူများကို စိုက်ပျိုးရေးတက္ကသိုလ်၌ ပညာဆက်လက်သင်ကြားပြီး စိုက်ပျိုးရေးဘွဲ့ကို ပေးသည်။

**၁၉၇၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်**– စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့ သင်တန်း



စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမနှင့် ကျောင်းဝင်းကြီးကို တွေ့ရစဉ်။

**⁂ စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်စိုက်ပျိုးရေး ပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ နှစ် ၁၀၀ ကာလအတွင်း စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B. Agr. Sc) ၁၂၉၈၃ ဦး၊ ဘွဲ့လွန်ဒီပလိုမာ (Post grad. Dip. Ag. Sc) ၆၅ ဦး၊ မဟာဒဿနဘွဲ့ (M. Phil.) ၁၀ ဦး၊ မဟာသိပ္ပံဘွဲ့ (M. Agr. Sc) ၆၆၈ ဦး၊ သုတေသနအခြေပြုပါရဂူဘွဲ့ (Ph.D by Research) ခြောက်ဦး၊ ပါရဂူဘွဲ့ (Ph. D) ၇၇ ဦး မွေးထုတ်ပေးခဲ့**


(M.Agr. Sc) များကို စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။

**၁၉၉၃ ခုနှစ် စက်တင်ဘာ ၁ ရက်**– စိုက်ပျိုးရေးတက္ကသိုလ်သည် ပညာရေးဝန်ကြီးဌာနလက်အောက်မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်သို့ ရောက်ရှိသွားသည်။


**၁၉၉၈ ခုနှစ် အောက်တိုဘာ ၁၆ ရက်**– စိုက်ပျိုးရေးတက္ကသိုလ် (Institute of Agriculture) မှ ရေဆင်းတက္ကသိုလ် (Yezin Agriculture University) သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ နှစ် ၁၀၀ ကာလအတွင်း စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B. Agr. Sc) ၁၂၉၈၃ ဦး၊ ဘွဲ့လွန်ဒီပလိုမာ (Post grad. Dip. Ag. Sc) ၆၅ ဦး၊ မဟာဒဿနဘွဲ့ (M. Phil.) ၁၀ဦး၊ မဟာသိပ္ပံဘွဲ့ (M. Agr. Sc)၆၆၈ ဦး၊ သုတေသနအခြေပြုပါရဂူဘွဲ့ (Ph.D by Research) ခြောက်ဦး၊ ပါရဂူဘွဲ့ (Ph. D) ၇၇ ဦး မွေးထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျွန်ုပ်တို့ ကျောင်းတော်ကြီးသည် အစဉ်အလာကြီးမားပါသည်။ အစဉ်အလာနှင့်အညီ ကျောင်းတော်ကြီးက စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ခဲ့သည်။ ထိုစဉ်က နိုင်ငံ၏လူဦးရေမှာ ၁၅ သန်းခန့်သာရှိခဲ့ရာမှ ယခုအခါ ၅၄ သန်းရှိနေပြီဖြစ်လို့ ရှေးကလူကြီးများလည်း တာဝန်ကျေခဲ့ကြပါသည်။ ယခုကျွန်ုပ်တို့ခေတ်ရောက်ပြီး ယခင်ပညာရှင်တွေရော ယခုခေတ်လူငယ်ပညာရှင်တွေပါ ပြည်သူ ၅၄ သန်းကျော်အတွက် စားဖို့သာမဟုတ်တော့ဘဲ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းအတွက်ပါ တာဝန်ယူကြရမည်ဖြစ်ပါသည်။ ယခုလောလောဆယ် တာဝန်ယူကြရမည်က မိခင်ကျောင်းတော်ကြီး၏ နှစ် ၁၀၀ ပြည့် အခမ်းအနားကို ခမ်းနားကြီးကျယ်စွာ (နဝရတ်ရတုထက် မလျော့နည်းအောင်) ဆောင်ရွက်နိုင်ဖို့ လူအား၊ ငွေအား၊ အကြံဉာဏ်အားဖြင့် ကူညီကြမည်ဟု ယုံကြည်နေပါသည်။ ။




မန္တလေးမြို့၌ စတင်ဖွင့်လှစ်သည့် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်နှင့် ပထမဆုံးဘွဲ့နှင်းသဘင်။




စိုက်ပျိုးရေးပညာဌာန ဖွင့်လှစ်ခဲ့သည့်နေရာများ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် စီတာပူရပ်ကွက်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး စားသောက်ကုန်များ ထောက်ပံ့

**မြစ်ကြီးနား ဇူလိုင် ၈**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ကြီးနားမြို့၌ စံချိန်တင်မြစ်ရေ ကြီးမြင့်မှု ဖြစ်ပေါ်ခဲ့သဖြင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေဘေးသင့်ပြည်သူများအား ရေဘေးရှောင်စခန်းများ ဖွင့်လှစ်၍ ကူညီထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇူလိုင် ၈ ရက် မွန်းလွဲ ၃ နာရီက စီတာပူရပ်ကွက် ဆွတ်ငိုင်တောင်စခန်း၌ သွားရောက်တွေ့ဆုံအားပေးသည်။

ထိုသို့ သွားရောက်တွေ့ဆုံအားပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဆွတ်ငိုင်တောင်စခန်းသို့ သွားရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က မြစ်ရေစံချိန်တင် မြင့်တက်ခြင်းဖြစ်သည့်အတွက် မြို့ရေယာ တော်တော်များများ ရေကြီးနစ်မြုပ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း၊ သို့သော်လည်း အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးနှင့် လူ့အသက်ဆုံးရှုံးမှု တစ်စုံတစ်ရာမရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ ယခု ရေဘေးဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး နောက်ဆက်တွဲ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရမည့် လုပ်ငန်းဆောင်တာများ ကျန်ရှိနေသေးကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူများအားလုံးက ပူးပေါင်းပါဝင်ကြရန်လိုကြောင်း အားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စခန်းအတွင်းရှိ အိမ်ထောင်စု ၇၇ စု၊ လူဦးရေ ၄၀၀ တို့အတွက် တန်ဖိုးငွေကျပ် ၇၅၇၅၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၇၇ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၇၇ ဖာနှင့် ငါးသေတ္တာ နှစ်ဖာတို့ကို ထောက်ပံ့ပေးအပ်ရာ ပြည်သူတစ်ဦးက စခန်းအတွင်း လတ်တလော နေထိုင်စားသောက်ရာတွင် လိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ စခန်းအတွင်းရှိ မိသားစုများနှင့် ကလေးငယ်များအား မုန့်များကို လိုက်လံဝေငှကျွေးမွေးသည်။




အဆိုပါ ရေကြီးမှုဖြစ်စဉ်သည် ဇွန် ၃၀ ရက်တွင် မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာရှိသည့်အနက် ၁၄၀၆ စင်တီမီတာအထိ စံချိန်တင် မြင့်တက်ခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်ပေါင်း ၂၈ ရပ်ကွက်ရှိသည့်အနက် ရပ်ကွက် သုံးခုခန့်သာ ရေဘေးမှ လွတ်မြောက်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေဘေးသင့်ပြည်သူများအား မြို့ပေါ်ရှိ ရေဘေးလွတ် ရာဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများ စသည့်အဆောက်အအုံများတွင် ရေဘေးရှောင်စခန်းပေါင်း ၃၄ ခုအထိ ဖွင့်လှစ်ထားခဲ့ကာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး စာရင်းဇယားများအရ ယမန်နေ့အထိ ရေဘေးရှောင်စခန်း ၂၁ ခုသာ ကျန်ရှိကြောင်းနှင့် အလားတူ ကချင်ပြည်နယ်အတွင်း ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူမြို့နယ်များတွင် ဧရာဝတီမြစ်ရေကြီးမြင့်မှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လွိုင်ကော်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆန်၊ ဆီ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းနှင့် ဒေါတမရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း (ဒေါတမ)တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆန်၊ ဆီ၊ ကျောင်းသုံး ဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ် ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအတွက် ဆန်၊ ဆီများကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ ကျောင်းအုပ်ဆရာ ဆရာမကြီးများက လက်ခံယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများအား လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းဝင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာရေလုပ်သားလေးဦးအား ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီပိုင် တွန်းသင်္ဘောက ကယ်ဆယ်ပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၈**

တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီ၏ တွန်းသင်္ဘောတစ်စင်းသည် ဇွန် ၂၉ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ မဒေးကျွန်းအနီးတစ်ဝိုက် ပင်လယ်ပြင်၌ ဒေသခံငါးလှေတစ်စင်းပါ ရေလုပ်သား လေးဦးအား ကယ်ဆယ်ပေးခဲ့ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

လေပြင်းနှင့် လှိုင်းလုံးပြင်းထန်သောကြောင့် လှေထဲရေအများအပြားဝင်ကာ တိမ်းမှောက်ပြီး မြန်မာတံငါသည် လေးဦး ပင်လယ်ထဲ ကျသွားသည်ကို တွေ့ရှိခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။ တွန်းသင်္ဘောက ရေလုပ်သားများအနီးသို့ အလျင်အမြန် ချဉ်းကပ်နိုင်ခဲ့ပြီး အသက်ကယ် ဖောကွင်းများပေးအပ်ကာ ဆွဲသင်္ဘောထံ ခေါ်ယူနိုင်ခဲ့ပြီး အချိန် ၁၅ မိနစ်အတွင်း လှေပေါ်ပါရှိသည့် ရေလုပ်သား လေးဦးကို အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့သည်။

ထို့ပြင် တိမ်းမှောက်သွားသော လှေကို ကမ်းစပ်သို့ဆွဲတင်ကာ အဆိုပါ လေးဦးကို ဆိပ်ကမ်းသို့ ဘေးကင်းစွာ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

**ခင်ရတနာ**

**ဓာတ်ပုံ-တရုတ်သံရုံး**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Shwe Phyoe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက်နေ ရွှေဇင်ဖြိုး(ခ)ရွှေဖြိုးအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ပခုက္ကူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ရေကြီးရေလျှံမှုများ အပါအဝင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများကို ဇွန် ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါစစ်ဆေးမှုကို မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်း ဦးဆောင်မှုဖြင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်ထွန်းနိုင်၊ ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်နုနုဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက မြို့နယ်အတွင်း ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရေဝင်ရောက်နိုင်သည့် ရပ်ကွက်၊ကျေးရွာများရှိ ပြည်သူ အိမ်ထောင်စုများအတွက် ဘေးလွတ်ရာနေရာများတွင် Camp များ စနစ်တကျ တည်ဆောက်ထားရှိရေး၊ နေထိုင်စားသောက်ရေးလုပ်ငန်းများ သန့်ရှင်းသပ်ရပ်စွာ စီစဉ်ပေးရေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အလေးထားဆောင်ရွက်ရေးတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သဘာဝဘေးအန္တရာယ်များနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချီရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု-ဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးဆရာ မောင်ငြိမ်းမွန် (ချောင်းဦး)၏ **“စပါးတစ်ပြည် ပတ္တမြားတစ်ခြည်”** စာအုပ်ကို ဖြန့်ချီရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အထက်အညာဒေသမှာ မြစ်ရေတင်စနစ်ကြောင့် စပါးအပါအဝင် တစ်နှစ်သုံးသီးစားစိုက်ပျိုးနိုင်ပြီး တောင်သူများ၏ ဘဝ တိုးတက်လာစေရေးနှင့် ဒေသဖွံ့ဖြိုးရေးကို ဦးတည်ပြီး တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်ကြပါက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အမှန်တကယ် ကူးပြောင်းနိုင်မှာဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း၊ တောင်သူလယ်သမားအချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီကြရုံမျှသာမက တောင်သူလယ်သမားများနှင့် ဝန်ထမ်းများကလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရေးအတွက် ဟန်ချက်ညီညီ၊ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြပုံများကို ကျေးလက်နေ တောင်သူလယ်သမားများ၏ လူနေမှုဘဝများနှင့် ဝန်ထမ်းများ၏ ဘဝများကို မေတ္တာ၊ အကြင်နာ၊ စေတနာများနှင့် ထင်ဟပ်ပြီး ပီပြင်ပေါ်လွင်အောင် ရေးသားထားသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၀၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့သစ်မြို့နယ်၌ သဘာဝဘေးကယ်ဆယ်ရေးပစ္စည်းများ လက်တွေ့ပြသနေမှုကြည့်ရှု

**မြို့သစ် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်နှင့် အခြားသောသဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရေပြင်အသက်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဇွန် ၇ ရက်က လေ့ကျင့်ပြသသည်။



အဆိုပါလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြစ်ရေကြီးမှုဖြစ်ပွားချိန်နှင့် ရေကျပြီးချိန် ဆောင်ရွက်ရမည့် ဆောင်ရန်/ ရှောင်ရန်များကို မြို့နယ်အတွင်း လိုက်လံကြေညာခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးဆောင်၍ အသက်ကယ်ရေပြင် ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရေနစ်သူအား ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများကို သရုပ်ပြလေ့ကျင့် ဆောင်ရွက်သည်။

အဆိုပါ သရုပ်ပြရာနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဒေသခံပြည်သူများအား လိုက်လံအသိပညာပေး ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **သန်းဝင်းထွန်း (ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## စလင်းမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေသုံးစွဲ

**စလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ကြင်းပင်လှ(န)ကျေးရွာ၌ ကျေးလက်နေ တောင်သူလယ်သမားများ ဆီထွက်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် ရည်ရွယ်၍ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစိုက်ပျိုးရေတင်စနစ်ဖြင့် ရေလုံလောက်စွာရရှိသုံးစွဲနေမှုအခြေအနေများကို ဇူလိုင် ၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အင်ကြင်းပင်လှ(န)ကျေးရွာ၌ ဆိုလာရေတင်စနစ်အသုံးပြု၍ သီးနှံမျိုးစုံစိုက်ပျိုးထားသော တောင်သူလယ်သမားများ၏ ရေလုံလောက်စွာရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆိုလာရေတင်စနစ် ရေရှည်အသုံးပြုနိုင်ရန်အတွက် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အင်ကြင်းပင်လှ(န)ကျေးရွာ၌ စိုက်ပျိုးရေ အထောက်အကူပြု ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးခြင်းကြောင့် တောင်သူရှစ်ဦး၏ လယ်ဧက ၂၅ ဧကကျော် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေလွယ်ကူစွာရရှိနိုင်ခြင်း၊ ဒီဇယ်ဆီဖိုးသက်သာခြင်း၊ ရာသီအလိုက် အချိန်မီ ရေသွင်းစိုက်ပျိုးနိုင်သောကြောင့် သီးနှံများ အထွက်တိုးလာသဖြင့် မိသားစုဝင်ငွေများ ယခင်ထက် တိုးပွားလာကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သန်းသန်းစိုး**



## မိုင်းဆတ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တာဝန်ရှိသူများ ကြည့်ရှု

**မိုင်းဆတ် ဇူလိုင် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ တာဝန်ရှိသူများ မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် လုပ်ငန်းများကို ဇူလိုင် ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၁၉၈ သိန်းဖြင့် အလျား ၃၃၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၀ ဒသမ ၆ လက်မ ဝမ်ဟုန်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ခွင့်ပြုငွေကျပ် ၁၉၉ သိန်းဖြင့် အလျား ၃၃၆ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ခြောက်လက်မ ဘုရင့်နောင်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ အလျား ၃၃၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ခြောက်လက်မ ပိတောက်မြိုင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ခွင့်ပြု ရန်ပုံငွေကျပ် ၁၉၈ သိန်းဖြင့် လိုအပ်သည့်ပစ္စည်း စုဆောင်းထားရှိမှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေများအနက် တင်ဒါအောင်မြင်သည့် ရန်ပုံငွေကျပ်သိန်း ၃၄၀ ဖြင့် မြို့မဈေးအတွင်း အလျားပေ ၁၈၀ ၊ အနံ ၁၀ ပေ၊ အမြင့် ၁၃ ပေ ကွန်ကရစ်လျှောက်လမ်း အမိုးဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦး၊ ဦးစီးအရာရှိ ဦးသန်းလွင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

# လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦးသေဆုံးပြီး ကလေးငယ်လေးဦး အပါအဝင် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၈**

ကယားပြည်နယ် လွိုင်ကော်မြို့ အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က ဇူလိုင် ၄ ရက်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

**လက်နက်ကြီးများဖြင့်ပစ်ခတ်**

ဖြစ်စဉ်မှာ ဇူလိုင် ၄ ရက် ညနေပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းရှိ နည်းပညာတက္ကသိုလ်၊ မြကလပ်တောင်၊ သီရိဒေါလမ်းဆုံနှင့် အခြားနေရာ အများအပြားသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောခမ္မရပ်ကွက်၊ နမ့်ဘော်ဝမ် (က) ရပ်ကွက်၊ ရွာတန်းရှည် ရပ်ကွက်၊ ကျောက်တောင် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံပြည်သူ တစ်ဦးသေဆုံးခဲ့ကာ ကလေးငယ်လေးဦး အပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**ဆေးဝါးကုသမှုဆောင်ရွက်**

သေဆုံး/ထိခိုက် ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်မတော် ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**တရားဥပဒေစိုးမိုးရေး**

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် ကယားပြည်နယ် လွိုင်ကော်ဒေသအတွင်း အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ ပြည်သူလူထုနေထိုင်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာများ အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လွိုင်ကော်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှု တန်ပြန်ချေမှုန်းရေးကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့မြင်ရစဉ်။

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန် ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

ကျောင်းသားများ ကြံ့ခိုင်ပျော်ရွှင်စေရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုရှိစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံစေရေးတို့အတွက် ရည်ရွယ်၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် – ရန်ကုန်၊ ၂၀၂၄ ခုနှစ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ညွန့်ပေါင်း(၁)အသင်း၊ အကောင်းဆုံးကစားသမားဆုနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများကို ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးနှင့် ဆရာ ဆရာမများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မြန်မာ့အလင်း**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇူလိုင် ၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

## သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

**ပဲခူး ဇူလိုင် ၈**

(၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ရှင်စောပုခန်းမ၌ ဇူလိုင် ၅ရက်က ကျင်းပရာ သမဝါယမဦးစီးဌာန တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ အဖွဲ့ ခုနစ်ဖွဲ့ဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုအပေါ် အကဲဖြတ်ဒိုင်များက အကဲဖြတ်အမှတ်များဖြင့် ဆုံးဖြတ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ – ၇ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၁၅ ကျပ် | ၂၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၁၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၂၃၅ | ၁၉၇၀၆၅၀၀ |
| MTSH | ၃၃၀၀ | ၃၄၀၀ | ၅၉၉ | ၁၉၈၇၇၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၅၆ | ၂၀၉၉၂၀၀ |
| FPB | ၁၇၀၀ | ၁၇၅၀ | ၉၃၉ | ၁၆၀၅၀၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၁၅၂ | ၄၁၀၆၀၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၁၄၅ | ၂၆၆၃၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၈ | ၃၇၆၀၀ |
| MAEPC | ၃၆၀၀ | ၃၃၅၀ | ၁၇၃၁ | ၆၁၃၀၀၅၀ |

# ရှမ်းပြည်နယ်(တောင်ပိုင်း)ထွက် နာနတ်သီးများ ဈေးကွက်ရောက်ရှိ

နာနတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်၊ နမ့်စန်၊ မိုင်းကိုင်၊ မိုင်းပန်မြို့များ၌ ဧက ၁၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း၊ နာနတ်သီး စိုက်ပျိုးရာတွင် အသီးပေါ်ရှိ အပင်အား စိုက်ပျိုးလျှင် သုံးနှစ်အကြာတွင်လည်းကောင်း၊ ပင်စည်မှထွက်ရှိလာသော အတက်များကို စိုက်ပျိုးလျှင် နှစ်နှစ် အကြာတွင်လည်းကောင်း အသီးများစတင်ခူးဆွတ်နိုင်ပြီး ဇွန်လနှင့် ဇူလိုင်လများတွင် နာနတ်သီးများ ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။ နာနတ်အပင်၏ သက်တမ်းမှာ ခုနစ်နှစ်ရှိပြီး "နှစ်လတ်" သီးနှံဖြစ်ကြောင်း၊ နာနတ်ပင် တစ်ကြိမ်စိုက်ပျိုးပြီး ကျန်နှစ်များတွင် ပေါင်းများ/မြက်များ ရှင်းလင်းခြင်းနှင့် အပင်ပြုစုခြင်းအတွက်စရိတ်သာကုန်ကျပြီး နှစ်စဉ်ဝင်ငွေရရှိသဖြင့် တောင်သူများ အကျိုးအမြတ်ရရှိသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

နာနတ်သီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် အလုံး ၄၀၀၀ ခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် နာနတ်သီးစတင်ထွက်ရှိချိန်တွင် နာနတ်သီး(ဒေသသီး) တစ်လုံးလျှင် ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း၊ ပျားနာနတ်တစ်လုံးလျှင် ငွေကျပ် ၃၅၀၀ ဖြင့်လည်းကောင်း ရောင်းချရပြီး နာနတ်သီး (ဒေသသီး)နှင့် ပျားနာနတ်တို့၏ ဈေးနှုန်းများမှာ အရည်အသွေးအပေါ်မူတည်၍ ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)ထုတ်လုပ်ရန် ဝိုင်လုပ်ငန်းရှင်များ၊ ဖျော်ရည်လုပ်ငန်းရှင်များနှင့် ယိုလုပ်ငန်းရှင်များကလည်း ခြံပြတ်လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ထွက်ရှိလာသော နာနတ်သီးများကို ဒေသတွင်းနှင့် နေပြည်တော်၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်နာနတ်သီးဈေးနှုန်းများမှာ ယခင်နှစ်များထက် ဈေးပိုမိုရရှိနိုင်သဖြင့် နာနတ်သီးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



DOCA (ရှမ်း)

# ကြက်သွန်နီဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်သို့ ကြက်သွန်နီ စိုက်ပျိုးသော ကူရှည်၊ ဆင်နီတောင်၊ ဒေါ်သာ၊ ပင်းတလဲ၊ ရွာသစ်ကြီး လိပ်ခြံကျေးရွာတို့မှ အများဆုံးဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုအနေဖြင့် ဇွန်လနောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် ကြက်သွန်နီ ထိပ်စတစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ဖြင့်လည်းကောင်း၊ အလတ်စတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ဖြင့် လည်းကောင်း၊ အသေးစတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ဖြင့်လည်းကောင်း ဥပုသ်နေ့မှလွဲ၍ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး ဇွန်လနောက်ဆုံးပတ်တွင် ကုန်ဝင်ရောက်မှုများပြားလျက်ရှိရာ တစ်ရက်လျှင် ကြက်သွန်နီ ပိဿာချိန် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ရန်ကုန် ဘုရင့်နောင်ပွဲရုံသို့ ကြက်သွန်နီ အများဆုံး တင်ပို့လျက်ရှိပြီး ဇွန်လနောက်ဆုံးပတ်တွင် ပြည်ပသို့ ကြက်သွန်နီ ကုန်ချိန်ပိဿာ နှစ်သိန်း၊ တန်ချိန်အားဖြင့် ၃၂၆ တန်ခန့် တင်ပို့နိုင်ခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

DOCA (မကွေး)



# ပခုက္ကူဈေးကွက်၌ ကုလားပဲဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်၌ ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုမြင့်မားလျက်ရှိသော ကုလားပဲသီးနှံများလည်း ဈေးကွက်သို့ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကုလားပဲသီးနှံ စိုက်ပျိုးရာဒေသများဖြစ်သော ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများ၊ မြစ်ခြေ၊ ကမ္မ၊ မြိုင်၊ ရေစကြိုမြို့နယ်တွင်းရှိ ကျေးရွာများမှ ကုလားပဲသီးနှံများ ပခုက္ကူဈေးကွက်အတွင်းသို့ အများဆုံးဝင်ရောက်လျက်ရှိရာ ဒေသတွင်း သီးနှံပေါ်စအချိန်မှ ယခုအချိန်အထိ ကုလားပဲဈေးနှုန်းများ တည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



ဈေးနှုန်းအနေဖြင့် ဇူလိုင်လပထမပတ်တွင် ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၈၂၅၀၀ ဖြင့်လည်းကောင်း၊ ကုလားပဲ(HL) တစ်တင်းလျှင် ငွေကျပ် ၈၃၀၀၀ ဖြင့်လည်းကောင်း၊ ကုလားပဲ(V6) တစ်တင်းလျှင် ငွေကျပ် ၈၄၅၀၀ ဖြင့် လည်းကောင်း၊ ကုလားပဲ(929) တစ်တင်းလျှင် ငွေကျပ် ၈၁၀၀၀ ဖြင့်လည်းကောင်း၊ ကုလားပဲ(ဗမာ)လုံးသေး တစ်တင်းလျှင် ငွေကျပ် ၇၉၀၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်ဇွန်လနောက်ဆုံးပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ရက်လျှင် ကုလားပဲ ပိဿာ ၃၀ ဝင်အိတ် ၅၀ မှ ၁၀၀ အထိ ဝင်ရောက်ပြီး တစ်ပတ်အတွင်း အိတ် ၅၀၀ ခန့် ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပခုက္ကူမြို့ပေါ်ရှိ ပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်ယူသိုလှောင်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ဒေသခံတောင်သူများ၌ သီးနှံလက်ကျန်နည်း၍ ဒေသတွင်း၌သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

# နွေနှမ်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဆိက္ခဝကျေးရွာအုပ်စုအတွင်းရှိ ဆိက္ခဝ၊ သီရိဇီးကုန်း၊ ရွာနောင်ကျေးရွာများတွင် မြစ်ရေဝင်မြေနုကျွန်းများပေါ်၌ မြေပဲ၊ နှမ်း၊ ကြက်သွန်နီနှင့် ပဲမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး သီးထပ်အဖြစ် နွေနှမ်း (အဖြူ) မျိုးကို ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

နွေနှမ်းစိုက်ပျိုးမှုအနေဖြင့် မတ်လတွင် စတင်စိုက်ပျိုးပြီး ဇွန်လတွင် ရိတ်သိမ်းကြောင်း၊ စိုက်ပျိုးစရိတ်အတွက် မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ကိုးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် နှမ်း(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀ ဖြင့်ရောင်းချ၍ ငွေကျပ် ၁၆၂၀၀၀၀ ခန့်ရရှိကာ အကျိုးအမြတ်အနေဖြင့် ခုနစ်သိန်းကျော်ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် နှမ်းများကို ညောင်ဦးနှင့် ပခုက္ကူမြို့တို့သို့ တင်ပို့ရောင်းချကြပြီး နွေနှမ်းစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။

DOCA (မကွေး)

## ၈-၇-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သခွား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၆၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၆၇၀၀ | ၅၈၀၀ | ၃၇၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၅၇၉၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၁၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၇၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၅၈၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၆၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၂၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၂၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၃၀၀ | ၁၃၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# သန္တိသုခ

## “ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်-၄၉၉၊ (၅)လွှာရှိ လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ဖော်ပြပါ သန္တိသုခ အမှတ်တံဆိပ်ကို မူပိုင်အဖြစ် သုံးစွဲရန် တိုင်းရင်းဆေးဝါး မှတ်ပုံတင်လက်မှတ်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်တို့အား လွန်ခဲ့သော (၁၀)နှစ်ခန့်ကတည်းကရရှိခဲ့ပါသည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်လက်ဝယ်ရရှိလျက်ရှိသည့် လွန်ခဲ့သော(၁၀)နှစ်ခန့်မှစ၍ ယနေ့ထက်တိုင် စဉ်ဆက်မပြတ် ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။ ကုန်အမှတ်တံဆိပ်မှာ အောက်တွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်ပါသည်-




အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **“သန္တိသုခ”**ဟူသော အမည်အမှတ်အသားဖြင့် သွေးတိုးကျဆေးမှ စ၍ တိုင်းရင်းဆေးဝါးမျိုးစုံတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံသူ/သားများ၏အားပေးမှုကြောင့် ကောင်းသတင်းဖြင့် ဆယ်စုနှစ်များစွာ ကျော်ကြားလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား **“သန္တိသုခ”** ရှေ့မှ စာသားထည့်သွင်းခြင်း၊ ဖြည့်စွက်ခြင်း၊ နောက်မှစာသား ဖြည့်စွက်ခြင်း၊ ထည့်သွင်းခြင်းဖြင့် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် စားသုံးသူရဟန်းရှင်လူ၊ မိတ်ဆွေများအနေဖြင့် **“သန္တိသုခ”** သွေးတိုးကျအမှတ်တံဆိပ်ပါဆေးကို သေချာစွာစိစစ်ရွေးချယ်၊ ဝယ်ယူသုံးစွဲခြင်းဖြင့် **“သန္တိသုခ”** တိုင်းရင်းဆေးအာနိသင်များ အပြည့်အဝရရှိနိုင်ကြပါစေဟု ကျေးဇူးတင်စွာဖြင့် အသိပေးနှိုးဆော်လျက် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၂၄)**
**ဖုန်း-၀၉-၇၆၅၁၁၃၉၁၁**



### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးကျော်ရွှေ ၏သား မောင်ကျော်သူ (၁၄/ဖပန(နိုင်)၁၂၀၃၄၈) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-777227)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅ ၆၇၃ ၂၄၄**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဆားတိုင်ကန်ကျေးရွာအုပ်စု၊ ဝါဂွမ်းကျေးရွာနေ (ဘ)ဦးငွေလှိုင်၏ သား မောင်ချမ်းသာ ၈/မကန(နိုင်)၁၃၃၄၄၁၏ နိုင်ငံကူးလက်မှတ် အမှတ်(M-582089)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၅၆၀၈၆၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/77223, Honda Scoopy 110 M/C စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ယာဉ်လက်ဝယ်ရှိသူ မမွန်မြတ်သူ ၁၁/စတန(နိုင်) ၁၃၀၀၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/3980 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးသွင် ၇/အတန(နိုင်)၁၂၇၇၈၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (တောင်ငူ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၂၃၇၄၀, TVS WEGO 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီသိန်း ၅/မရန(နိုင်)၁၆၀၀၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/1073 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းထွေး ၈/မကန(နိုင်)၁၁၈၆၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**


# အဘိဝိနယာစရိယ စာတော်ပြန်ပွဲနှင့် ဆုနှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းနှင့် နေပြည်တော် (မြို့တော်ဝန်ကျောင်း) ပဓာနနာယကဆရာတော်တို့ ကြီးမှူးကျင်းပသည့် (ဆဋ္ဌမအကြိမ်) အဘိဝိနယာစရိယ စာတော်ပြန်ပွဲနှင့် ဆုနှင်းသဘင်အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက်က စတင်၍ အဆိုပါမြို့တော်ဝန်ကျောင်းအတွင်းရှိ ဝိသုမ်ဂါမ သိမ်တော်ကြီး၌ ကျင်းပသည်။



အဆိုပါ စာတော်ပြန်ပွဲတွင် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ ကြွရောက်ဖြေဆိုတော်မူကြရာ ပထမဆင့် သံဃာတော် ၉၄ ပါး၊ ဒုတိယဆင့်ငါးပါး၊ တတိယဆင့်ခြောက်ပါး စုစုပေါင်း ၁၀၅ ပါး ကြွရောက်ဖြေဆိုတော်မူကြသည်။

အဆိုပါ စာတော်ပြန်ပွဲကို ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဇူလိုင် ၁၀ ရက်တွင် သာသနာပြုခြင်းဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ကျင်းပမည်ဖြစ်ကာ ဇူလိုင် ၁၁ ရက် နံနက်တွင် စာအောင်သံဃာတော်များအား အောင်လက်မှတ်များနှင့် ဆုနှင်းသဘင် ဆက်ကပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# ပေါင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



နေပြည်တော် ပျဉ်းမနားမြို့ အခြေခံပညာ မူလတန်းလွန်ကျောင်း (ရွာကောက်) တွင် ဇူလိုင် ၈ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချိုနှင့် ဆရာ ဆရာမများ ကြီးကြပ်မှုဖြင့် ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံ မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ LHV ဆရာမဒေါ်သင်းသင်းညို ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရှိအခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား/ ကျောင်းသူ ၈၅ ဦးအား ဆုံဆို့နာရောဂါနှင့် မေးခိုင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ သူဇာလှိုင် (ပညာရေး)

**ပေါင် ဇူလိုင် ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ ( အထက ) အလုပ်ကျောင်းတွင် ဇူလိုင် ၈ ရက်က ပန်းခင်းစီမံချက်အဆင့် (၃) အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်း ဆောင်ရွက်ပေးရာတွင် မြို့နယ်လဝက ဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား ပြည်သူ ၅၀၊ အသက် ၁၈ နှစ်နှင့် အထက်ပြည်သူ ၄၂ ဦး စုစုပေါင်း ၉၂ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးပြီး Mတံဆိပ်ပါ ရွှေ့ပြောင်း အိမ်ထောင်စုစာရင်း ၅၀ ပြုလုပ်ပေးခြင်း အပြင် (Biometric)ကောက်ယူခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**


### အများသိစေရန် ကြော်ငြာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတွင် (CD-၀၀၈၈၇၂)အမည်ပေါက်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၃၂၁/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်အမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ (ခေါင်းရင်းခြမ်း)(၁၀x၆၀)ပေရှိ ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ဝင်းရီ (S/DGNMTT-၀၁၉၇၉၈)(L/KGN-၀၃၅၇၉၀)က အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ် ရန်သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင် အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**
**အမှတ်(၇၈၉/က)၊ ဟန်လင်းလမ်း၊ (၁၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့ နယ်၊ ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ မဟာထူးချွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မောင်ဆည်းဆာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ပိုင် ၈/မမန(နိုင်)၁၅၂၄၅၄ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ဟုမ္မလင်းမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးရဲကျော်၏ သမီး ဒေါ်တင်မိုးနိုင် ၅/ဟမလ(နိုင်) ၀၉၉၇၆၄၏ နိုင်ငံကူးလက်မှတ်နံပါတ် MB-558344 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၆၁၄၈၂၃**

### ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ စံသရဖူကိုယ်ပိုင်အထက် တန်းကျောင်း Grade-6 အောင်မြင်ခဲ့သော မောင်ဇော်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော် ၈/နမန(နိုင်)၀၉၃၁၀၉ ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

ဒေါ်ပပဖြိုး ၈/ပခက(နိုင်) ၃၃၁၅၈၇၏ ပတ်စ်ပို့စ်စာအုပ် MI-210511 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်းနံပါတ် ၀၉-၉၄၁၉၁၀၄၂၇ သို့ အကြောင်းကြားပေးပါရန်။

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၅)ရပ်ကွက်၊ သရေခေတ္တရာ(၁၉)လမ်း၊ အမှတ်(၉၃၇/ခ)ရှိ (၂၀ပေ x ၆၀ ပေ)မြေပေါ်တွင်ဆောက်လုပ်ထားသော ၁ခန်းတွဲ ၆ထပ် RCတိုက်ရှိ အနံ၁၈ပေxအလျား ၅၄ပေ၊ အမြင့် ၉ ပေ ကျယ်ကာ ပထမထပ်(၂လွှာ)ဟုခေါ်တွင်သော အခန်းဖွဲ့ပြင်ဆင်ထားသည့် ရေ၊ မီးအပြည့်အစုံပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဆုဝေမွန် ၁၀/ကထန(နိုင်)၀၉၃၅၃၅က အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမြတ်သိင်္ဂီ ၆/ထဝန(နိုင်)၁၁၀၁၄၄ က အပြီးပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊မာဃ(၁၀)လမ်း၊(၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အုတ်တွင်းမြို့၊ မဲကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အိမ်အမှတ်(၃၁၁)နေ မောင်ချမ်းငြိမ်းစိုး ၇/အတန(နိုင်) ၁၈၂၉၁၃ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်းပြုလုပ်သွားပါသဖြင့် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်စိုး ၇/အတန(နိုင်) ၀၅၂၆၆၄**
**ဒေါ်ခင်မိုးမြင့် ၇/အတန(နိုင်) ၀၅၉၁၆၄**

### အများသိစေရန် ကြော်ငြာခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ တလင်းဆိပ်၊ တန့်တော်မူဘုရားအနား၊ ဦးဝင်းအောင်၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်(၁၁၈)၊ (၄လွှာ B)၊ (အလျား ၁၂ ၁/၂ x အနံ ၄၀)ပေရှိ ရေမီးစုံပါတိုက်ခန်းကို (၇-၇-၂၀၂၄) ရက်တွင် ဒေါ်သီသီလှိုင် ၁၂/ဒဂန(နိုင်)၀၂၇၅၃၂ထံမှ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း၏ ယခုလက်ရှိပိုင်ရှင်မှာဦးဝင်းအောင်သာပိုင်ရှင်ဖြစ်ပြီး ထိုတိုက်ခန်းကို ဦးဝင်းအောင် ၁၁/သတန(နိုင်)၀၅၇၅၁၃ မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(LL.B, LL.M) အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**


**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မိုးညှင်းမြို့နယ်တရားရုံး တော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်(၆)

ဦးချစ်ဝင်း နှင့် ဦးစိုင်းသူရိန်မြင့် ပါ-၆ ဦး
**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အိမ်အမှတ်(၈၈)နေ ၆တရားပြိုင် ဒေါ်နန်းကေသီမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားသူများအား အိမ်ဥပစာမှနှင်ထုတ်ဖယ်ရှား ထွက်ခွါသွားစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ရက်)နံနက် ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်စိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မိုးညှင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ ယုဇနမာလာလမ်း၊ မြေကွက်အမှတ်(၁၆၀/၂)၊ မြေပေအကျယ်(၃၀x၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်နေသော(၁)ခန်းတည်း (၆)ထပ် RC တိုက်အဆောက်အအုံမှ ရောင်းချသူကန်ထရိုက်တာများဖြစ်သော ဦးဝင်းဌေး ၁၂/မရက(နိုင်) ၁၁၄၀၃၂နှင့် ဦးအောင်နိုင်လင်း ၁၂/ဗဟန(နိုင်) ၀၂၄၉၁၂တို့ အကျိုးခံစားခွင့်ရှိသည့် ဒုတိယထပ်(၃-လွှာ)၊ အခန်းအကျယ်အဝန်း(၂၇x၅၂)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ရောင်းချသူများက မိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့မှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထို သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မင်းရဲကျော်စွာ(၈)လမ်း၊ မြေကွက်အမှတ်(၁၄၂၄/ခ)၊ မြေပေအကျယ်(၂၀x၆၀)ပေ၊စတုရန်းပေ(၁၂၀၀)ရှိဦးတင်လှိုင် အမည်ပေါက်မြေချပါမစ်မြေကွက်ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဝေလွင်အေး ၈/ပခက(နိုင်) ၂၁၁၇၀၆က အထက်ပါမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ မြေကွက်အားအပြီးအပိုင်လက် ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့ဇော် ၁၂/စခန(နိုင်) ၀၇၂၇၂၄က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၂)၊ လူနေရပ်ကွက်အမှတ်(မြင်သာစုပေါင်းအိမ်ရာ)၊ သံသုမာလမ်း၊ မြေကွက်အမှတ်(၃/၁)၊ မြေပေအကျယ် ဧရိယာ(၀ဒသမ၀၂၉)ကေ၊ စတုရန်းပေ(၁၂၇၁)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမျိုးလှိုင်ဝင်း ၁၂/ဥကတ(နိုင်) ၁၂၆၀၂၅က အထက်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းနေအိမ်အပါအဝင်ကို မိမိသာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိ၏သဘောဆန္ဒဖြင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်နွယ်ချော ၁၄/ပတန(နိုင်) ၀၀၀၇၈၉က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈

ဒေါ်နန်းမြင့်ခိုင် နှင့် ဦးဉာဏ်စိန်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/စိမ်းကိန်း-၁)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၃၄၂)နေ တရားပြိုင် ဦးဉာဏ်စိန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ အနော်ရထာ၊ ဦးပိုင်အမှတ်(၂ᵃ)၊ ဧရိယာ ၀.၀၂၂ ဧကအား ဒေါ်ဝင်းရီ(ဘ) ဦးစောမောင် ၉/တကန(နိုင်)၀၂၀၆၈၆မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ခင်မာဦး၊ဒေါ်ရီရီလှိုင်(ဘ)ဦးကြည်(ခ)ဦးကြီး ၉/တကန(နိုင်)၀၉၉၁၆၃၊ ၉/တကန(နိုင်) ၁၄၁၉၀၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၂)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၆၅)ဟုခေါ်တွင်သော ကွင်းအကွက်အမှတ်နှင့်အမည်(၅/နေပူကုန်း)၊ဦးပိုင်အမှတ်(က/၁၁၄)၊ ဧရိယာ(၀ဒသမ၁၈၁)ကေအနက်မှ တစ်ဝက်တိတိတွင် ဆောက်လုပ်ထားသော (၄x၃)ပင်၊ အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး၊ နှစ်ထပ်တိုက်၊ ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် နေအိမ်နှင့်ဆက်နွယ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပိုင်ရောင်းချသူဖြစ်သော (၁) ဦးထွန်းတင့်ခိုင် ၇/တငန(နိုင်)၀၃၈၆၃၉၊ (၂) ဒေါ်အေးအေးမွန် ၇/တငန(နိုင်)၁၅၇၇၉၂ တို့မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းဇော်ဇော်ထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၁၃/၂၀၁၇)**
**(၂/၅၄၁)၊ သီရိမင်္ဂလာ(၃)လမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၉-၇၆၂၀၆၉၇၀၀**

## သွာနုတ္တသားအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မော်လမြိုင်မြို့နယ်၊ ပန်းပဲတန်းရပ်ကွက်၊ ပန်းပဲတန်းလမ်း၊ အမှတ်(၈၁/က) နေ ဦးကြည်ထွန်း ၁၀/မလမ(နိုင်) ၁၂၃၈၇၄နှင့် ဒေါ်ဖြူဖြူမြင့် ၁၀/မလမ(နိုင်) ၀၄၅၀၆၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ကြည်မင်းခန့် ၁၀/မလမ(နိုင်) ၂၄၄၉၅၁ သည် မိဘများ၏ ပြောဆိုဆုံးမမှုအား လိုက်နာခြင်းမရှိသည့်အပြင် မိဘများအား ရန်သူသဖွယ်ဆက်ဆံခြင်း၊ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကြောင့် မိဘများဖြစ်သော ကျွန်ုပ်မိတ်ဆွေများတွင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခြင်းများ ခံစားလျက် ရှိနေပါသည်။ သို့ပါ၍ သားဖြစ်သူ မောင်ကြည်မင်းခန့်အား ယနေ့မှစ၍ သွာနုတ္တသားအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကာယကံရှင်ဖြစ်သူ မောင်ကြည်မင်းခန့်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဤကြော်ငြာစာသတင်းစာတွင်ပါသည့်ရက်မှစ၍ မောင်ကြည်မင်းခန့်သည် ကျွန်ုပ်မိတ်ဆွေများ၏ အမွေစားအမွေခံသား တစ်ဦးမဟုတ်တော့သောကြောင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှသည် ကျွန်ုပ်မိတ်ဆွေများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကိုလည်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်ထွန်း-ဒေါ်ဖြူဖြူမြင့်** **ဦးဖေမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၂)**
**အမှတ်(၃၈)၊ မြလမ်း၊ သီရိမြိုင်ရပ်၊**
**မော်လမြိုင်မြို့**




## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်း ဒေသကြီး၊ မြို့သစ်မြို့နယ် အမက(ရွာသစ်-မ)တွင် လက်ထောက်မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဦးစိုးနှင့် ဦးမောင်စိုးမှာ အမည်ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ အခြေခံပညာ အလယ်တန်းကျောင်း(လှော်ကား)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ ခုံအမှတ် အပခ-၆၄၆၀ဖြင့် အဋ္ဌမတန်း(ဟောင်း)ဖြင့် အောင်မြင်ခဲ့သူ နော်ကမွီးဖော ၇/ပခန(နိုင်)၅၂၆၇၆၆၏ဖခင် အမည်မှန်မှာ ဦးစောမောင်(ခ)ဦးစောမောင်သိန်း ၇/ပခန (နိုင်) ၁၉၃၁၃၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂/ရွှေပေါက်ကံ၊ ရန်ကုန်လမ်းနှင့် ဇေယျာသီရိလမ်းထောင့်၊ မြေကွက်အမှတ် ၂၉၀၊ အလျား ၉၀ပေx အနံ၆၀ပေရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်မျက်နှာမူလျှင် လက်ဝဲဘက်အခြမ်း၊ အလျား ၄၀ပေx အနံ ၆၀ပေရှိ အိမ် အပါမြေကွက်အား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံအဆိုပြုသူ ၁။ ဦးကျော်ကျော်ခိုင်မင်း(ဘ)ဦးသန်းထွန်းဦး ၁၂/ဥကမ(နိုင်)၂၆၁၇၁၀၊ ၂။ ဒေါ်ကြူကြူသင်း(ဘ)ဦးချစ်ခိုင် ၁၂/ဥကမ(နိုင်)၂၀၄၄၄၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုဇင်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်နှင်း(ခ)ဒိုရာ ၁၂/မရက(နိုင်)၀၂၁၆၀၅(ဘ)ဦးကျော်အေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၄ ၀၆၉)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၈၈၄၂/၂၀၂၁)(၈-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်ရင်ရင်လှ ၁၂/ပဇတ(နိုင်)၀၁၂၈၇၄(ဘ)ဦးအေးယားမှ ဦးမြင့်သိန်း ၁၂/ပဇတ(နိုင်)၀၀၅၄၀၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ကြီး ဇော်နိုင်လွင် (ကိုယ်ပိုင်အမှတ် ၇၃၈၉၇၈) ၉/မထလ(နိုင်)၂၉၅၅၂၁(ဘ)ဦးမင်းအောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၄၂၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ဇာခြည်ထွေး ၉/ပမန(နိုင်)၁၆၇၀၉၆ (ဘ) ဦးတင့်ဆွေမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊တပ်ကြပ်ကြီး ဇော်နိုင်လွင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ်(၂၇၂)၊ (၄၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမြင့်စိုးအမည်ပေါက် မြေချပါမစ်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်လွင် ၁၂/တတန(နိုင်) ၁၄၀၉၅၄မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးတင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B** **ဦးဇော်မိုးလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၂၃၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၁၀/မလမ(နိုင်) ၁၄၀၁၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၄၀၄၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၀/မလမ(နိုင်) ၂၆၅၁၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၅၅၅၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းမင်းအောင် ၁၀/သထန(နိုင်) ၂၁၉၉၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## ရုံးအမှတ်(၄၇)၊ နေပြည်တော်
### လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၈၄)နေရာအတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိပြီးသူများ လျှောက်ထားနိုင်သည်။
(ဂ) (၃၁-၇-၂၀၂၄)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲ တင်ပြရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊
(ဂ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်နှင့် ဘွဲ့လက်မှတ်အပ်နှင်းခြင်း မပြုရသေးသူများအတွက် အလုပ်သင်ပြီးဆုံးကြောင်း ထောက်ခံစာမိတ္တူ၊
(ဃ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး/ ရဲစခန်းတို့၏ ထောက်ခံချက်မူရင်း၊
(စ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်၊

၃။ လျှောက်ထားသူသည် တာဝန်ချထားရာဌာနအသီးသီး၌ အနည်းဆုံး(၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းခံရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ (၉-၈-၂၀၂၄)ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထားပေးပို့ရပါမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲမှ တစ်ဆင့် ပေးပို့လျှောက်ထား၍ မိတ္တူတစ်စောင်ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ သတ်မှတ်ရက်အရောက် ပေးပို့လျှောက်ထားရမည်။ (သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၅။ သတ်မှတ်ချက်နှင့်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်မည်။ ဖြေဆိုခွင့်ရရှိသူများအား အမည်စာရင်းကို တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတို့တွင် (၂၆-၈-၂၀၂၄)ရက်နေ့တွင် ကြေညာသွားမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန (website www.dtm.gov.mm)တွင်လည်း ကြည့်ရှုနိုင်ပါသည်။

၆။ ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည့် နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်းနံပါတ်၊ ၀၆၇-၃၄၃၁၀၉၃/ ၀၆၇-၃၄၃၁၀၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သတ်မှတ်ချက်များနှင့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

**တိုင်းရင်းဆေးပညာဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ဦးပိုင်အမှတ် ၅-ခ(ခဲစင်း)၊ ၇၆လမ်း၊ ၈လမ်းနှင့် လမ်းသစ်လမ်းကြားရှိ ဦးနက်ကြီး၊ ဦးကံလှ၊ ဒေါ်ခင်စန်း၊ ဒေါ်ရှမ်းမ၊ ဒေါ်သန်းမြ အမည်ပေါက်ဘိုးဘမြေကွက်အား ဦးနက်ကြီး၊ ဒေါ်စော၊ ဦးကံလှ(လူပျိုကြီးဘဝ)၊ ဒေါ်ခင်စန်း၊ ဒေါ်သန်းမြတို့မှာ(အပျိုကြီးဘဝ) ဖြင့်လည်းကောင်း အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၃၁၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ရှမ်းမ၊ ဒေါ်ခင်မာအေး၊ ဦးထွန်းနောင်ဦးတို့၏(GPရရှိသူ ဦးကောင်းဆက်သန်းဝင်း)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂၄၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့နွဲ့ရီ ၉/မနမ(နိုင်)၀၁၆၁၄၇၊ ဒေါ်ယဉ်မွှေးမွှေးသန်း ၉/အမဇ(နိုင်)၀၄၄၁၇၅၊ ဒေါ်ဆုနန္ဒာနွယ်(ခ)မဇင်ဝါဦး ၉/အမဇ(နိုင်)၀၂၄၅၆၁တို့က အမှုတွဲအမှတ် ၀၁၉၂/ ဘ(ခွဲ/ ပြောင်း)/၂၀၂၄-၂၀၂၅ဖြင့် ဘိုးဘ/ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၂၄၉)၊ (၄၀x၆၀)ပေ(၀.၀၅၅)ဧက၊(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နန်းရှဲန်ခမ်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခိုင်ဇော်ဟန် ၇/လပတ(နိုင်)၁၂၃၁၃၁မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဝေဝေထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**
**ဒေါ်သီတာမိုး LL.B** — **အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ (မ၀တလမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁၊**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

| | | |
|---|---|---|
| ဦးဝင်းမင်း | နှင့် | ၁။ ဒေါ်စန်းရီ |
| | | ၂။ ဒေါ်ညိုဝင်း |
| | | ၃။ ဒေါ်ဝင်းမြ |
| **တရားလို** | | **တရားပြိုင်များ** |

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာတွင် နေထိုင်သူ ဒေါ်စန်းရီ(ဘ)ဦးလှ၊ ဒေါ်ညိုဝင်း(ဘ)ဦးလှ နှင့် ဒေါ်ဝင်းမြ (ဘ)ဦးလှ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဦးဝင်းမင်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ်၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူတို့သည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ထက်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အသိပေးကြောညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ ကွင်းအမှတ်(၆၈၀) မဇီးဖြူကွင်း၊ ဦးပိုင်အမှတ်(၁၂/၃၂/က)၊ လ/န ၆၂ (ရွာမြေ) ဦးသောင်းစိန်အမည်ပေါက် မြေကွက်အတွင်းမှ အလျား(၂၂)ပေxအနံ (၈၀) ပေအကျယ်ရှိ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်ဦး ၁၂/သလန (နိုင်) ၀၇၉၃၂၈က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်ဇော်ဦး** | **ဦးစောဝင်း(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၆၁/၈၉)** |
| | **အမှတ်(၄)၊ ဦးထွန်းစိန်လမ်း၊ အုတ်ဖိုစုရပ်ကွက်၊** |
| | **သန်လျင်မြို့** |
| | **ဖုန်း-၀၉-၂၅၄၁၄၃၃၇၁** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်(မြောက်ပိုင်း)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အမှတ်-၄(ခ)ဟုမှတ်သားတည်ရှိသည့် မျက်နှာစာ အလျား(၂၀)ပေ x ဘေးအရှည်အနံ(၁၃၀)ပေ အကျယ်ရှိ မြေကွက်အား မိမိတစ်ဦး တည်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းညွန့် ၁၂/မဂဒ(နိုင်) ၀၂၉၅၀၂ထံမှ ယင်းမြေကွက်အား အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုစံ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)**
**ဖုန်း-၀၉-၇၈၃၆၆၇၅၂၂၊ ၀၉-၄၂၁၀၆၅၄၁၅**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၃/၁)၊ ဦးပိုင်အမှတ်(၈၆+၈၇)၊ မြေချိန်ဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်သည် မူလက ဦးတင်စိုးအမည်ဖြင့်(၂၈-၇-၂၀၃၅)ရက်အထိ(၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန် အမည်ပေါက်ဦးတင်စိုးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ဝေဝေလွင်က တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဝေဝေလွင်(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူဦးလှမျိုးသူ)က (၁၈-၃-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၃၅/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးမြင့်ထူး ၅/အရတ(နိုင်)၀၈၉၀၂၁၊ ဒေါ်နှင်းမျိုးအေး ၅/အရတ(နိုင်)၁၀၃၁၉၅ (၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးမြင့်ထူးပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖမ်းဆီးရမိပြည်သူ့ဘဏ္ဍာသိမ်း ခဲမဖြူ/အဖြိုက်နက် ရောရာသတ္တုများ တင်ဒါခေါ်ယူရောင်းချခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာန၊ မော်လမြိုင်မြို့၌ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် အောက်ပါသတ္တုများကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူရောင်းချလိုပါသဖြင့် ပြည်တွင်းတိုင်းရင်းသားပိုင်ကုမ္ပဏီများကို တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခဲမဖြူ/အဖြိုက်နက် ရောရာသတ္တု (၁၀၂၆) အိတ် ၅၁.၃ မက်ထရစ်တန်ခန့်

၂။ အဆိုပြုဈေးနှုန်းတင်သွင်းလွှာပိတ်ရက်မှာ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၂ရက်နေ့ မွန်းလွဲ ၂နာရီ ဖြစ်ပါသည်။

၃။ အဆိုပြုဈေးနှုန်းတင်သွင်းလွှာပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက် အလက်များကို မွန်ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာနရုံး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၄၀၉၃၉၆၀၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်အစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၅၆၃)၊ (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ် ၅၆၂ နှင့် ကပ်လျက်ခြမ်းဖြစ်သည့် အမှတ်(၅၆၃/က)၊ (၂၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးလှသွင် အမည်ပေါက် မြေချပါမစ်မိတ္တူနှင့်အတူ အဆက်စပ်အရပ်ကတိ စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်လေးချို ၁၂/ ဥကမ(နိုင်) ၂၃၅၆၁၉မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေး စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံ ဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးဟန်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** **ဦးဇော်မိုးလွင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

(ယခင်)ရန်ကုန်မြို့၊ အင်းစိန်ခရိုင်၊ အင်းစိန်စီရင်စု၊ သင်္ဃန်းကျွန်းမြို့၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ်(၂၇၊ ၂၉၊ ၃၀)၊ မြေကွက်အမှတ်(၇၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးကျော်အေးအမည်ပေါက် နှစ်(၉၀)မြေငှားစာချုပ်(ယခု) ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ခ)၊ မြေကွက်အမှတ်(၇၃)၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်အနက်မှ မခွဲစိတ်ရသေးသောမြေဖြစ်သည့် ခေါင်းရင်းဘက်ခြမ်း၏ အကျယ် အဝန်း (၀.၀၂၇)ဧက၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ အမှတ်(၁၀၄/က)၊ ရတနာမဥ္ဇူလမ်း၊ (ဆ/က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေငှားစာချုပ် အမည်ပေါက် ဦးကျော်အေးထံမှ အဆက်အစပ်စာချုပ်များအရ လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်စန်းဦး(ဘ)ဦးအောင်ခင်၏ သားသမီးများဖြစ်ကြသော မောင်ဖြိုးမင်းနိုင် ၁၃/တကန(နိုင်)၂၄၇၆၂၆နှင့် ညီမဖြစ်သူ မမေထက်အောင်တို့မှလက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်မောင်လတ် [ LL.B ] တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၂၉)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၆၁၈၃၁၇၊ ၀၉-၄၂၁၀၀၂၈၅၆၊ ၀၉-၄၂၀၀၆၁၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်အောင်ကျော်(ကိုယ်ပိုင်အမှတ် ၇၀ ၅၄၁၁)၈/ခမန(နိုင်)၁၃၈၀၁၄(ဘ)ဦးကြည် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၅၉၄ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီး ဖြစ်သူ ဒေါ်မြင့်မြင့်စော ၉/ပမန(နိုင်)၂၆၅၀၆၇(ဘ)ဦးဖိုးရှိန်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ တပ်ကြပ်အောင်ကျော် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)အုပ်စု၊ အောင်မင်္ဂလာ(၄)လမ်းရှိ အိမ်အမှတ်(၇/၁၅၆(ခ))ရှိ အလျား(၂၅)ပေ x အနံ (၅၈) ပေ ကျယ်ဝန်းသော ဝိုင်းခြံမြေကွက်အား လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်စိုးသဥ္ဇာလွင် ၉/ပမန(နိုင်) ၁၄၄၉၁၂မှ ၎င်းသာလျှင် ပိုင်ဆိုင်သူဖြစ်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းထွေး ၉/လဝန(နိုင်) ၂၃၇၂၀၈မှ (၃၀-၄-၂၀၂၄)ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါဝိုင်းခြံမြေကွက်များအား သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် ဝယ်ယူသူ အမည်ပေါက် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်သွယ်ခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၉၀)**
**အောင်ဇမ္ဗူနယ်မြေ(၁၁)၊ အောင်ချမ်းသာရပ်ကွက်၊ ဖုန်း-၀၉-၉၅၃၁၁၈၆၁၀**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးထွန်း ၁၂/မဂဒ(နိုင်) ၁၂၁၃၈၄ သည်ဒေါ်ယမင်းသူ ၁၂/မဂဒ(နိုင်) ၁၄၃၉၈၈ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း(၇)၊ အာသာဝတီလမ်း၊ အကျယ်အဝန်း(၂၀ပေ x ၄၅ပေ)အား ဆက်စပ်စာချုပ်များဖြင့် အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ-** |
| **ဦးဇော်မျိုးထွန်း** | **ဒေါ်ဝင်းမာလာ(LL.B)** |
| **၁၂/မဂဒ(နိုင်) ၁၂၁၃၈၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၇၀)** |
| | **(၈-၂-၂၂)** |
| | **ဖုန်း-၀၉-၄၂၅၂၉၀၇၃၄** |

## ဖခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၃) G-11မှ မောင်ကောင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဦး ၇/လပတ (နိုင်) ၀၉၁၀၇၆ ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/2642, HTILA HIHA(HL-32) ယာဉ်လက်ဝယ်ရှိသူ ဦးကြည်မောင် ၉/ဥတသ(နိုင်)၀၀၂၃၂၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် - ၉၅

ဒေါ်တင်နွယ် လျှောက်ထားသူ
(ကွယ်လွန်သူ ဦးရဲစိုး၏ တရားဝင်ကိုယ်စားလှယ်)
နှင့်
ရာမက်ဘာနူး ပါ-၄ လျှောက်ထားခံရသူများ
၂။ ဒေါ်ခင်မြဝင်း
(ကွယ်လွန်သူ ဦးအာမက်၏ တရားဝင်ကိုယ်စားလှယ်)
အမှတ် (၆၀/၆၂)၊ (ပထမထပ်)၊ ဗိုလ်ဆွန်ပက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

အထက်ပါအမှုနှင့် ပတ်သက်၍ လျှောက်ထားသူ ဒေါ်တင်နွယ် (ကွယ်လွန်သူ ဦးရဲစိုး ၏တရားဝင်ကိုယ်စားလှယ်) ကွယ်လွန်အနိစ္စ ရောက်သွားပါ၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃ အရ လျှောက်ထားသူ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် သားဖြစ်သူ ဦးရဲကိုကိုအောင်အား ထည့်သွင်းပေးပါရန် လျှောက်လွှာကို ဦးရဲကိုကိုအောင်က တင်သွင်းသဖြင့် ၎င်းလျှောက်လွှာနှင့်ပတ်သက်၍ ပြောကြားရန်ရှိသည်များကို ပြောကြားရန်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် နံနက် ၁၀နာရီတွင်ဤရုံးက ချိန်းဆိုပြီး အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားသင်၏ တရားလွှတ်တော်ရှေ့နေက ဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ဤရုံးသို့ မလာရောက်ခဲ့သော် သင်တို့၏ ကွယ်ရာ၌ ဤလျှောက်ထားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မေလတ်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ဒေါ်ပြုံးပြုံးစံ နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ Delta Plaza၊ တိုက်(ဘီ)၊ အခန်းအမှတ်(၈၀၄)တွင်နေထိုင်သူ ဦးစန်းဌေးဦး ၁၂/ကတတ(နိုင်)၀၀၄၆၃၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းဌေးဦးနှင့် ဒေါ်ပြုံးပြုံးစံ တို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး ၆-၂-၂၀၀၃ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့သည်မှာ သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ် ဖြစ်ထွန်းရရှိလာသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၏ စာရွက်စာတမ်းမူရင်းများမှာ ဒေါ်ပြုံးပြုံးစံ၏ လက်ဝယ်တွင်ရှိနေပါသည်။

ယင်းပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ စာဖြင့် သဘောတူခွင့်ပြုချက်ပါရှိခြင်းမရှိဘဲ ဒေါ်ပြုံးပြုံးစံ တစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ လုပ်ငန်းများစသည့် မည်သည့်ပစ္စည်းတစ်စုံတစ်ရာကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စီမံ ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်ဆောင်ရွက်သူများ၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေမှ ထိုသို့ဆောင် ရွက်မှုများအပေါ် အသိအမှတ်ပြုမည်မဟုတ်ဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ပြုံးပြုံးစံနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်း (LL.B,MA-Business Law,D.I.L,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၈၃)
အခန်း(၂၀၃)၊တိုက်အမှတ်(၄၃၆)၊ ကမ်းနားလမ်း၊ အမှတ်(၄)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၀၂၅၄၄၄၃၉၊ ၀၉-၉၅၇၅၂၁၄၉၁

## ဦးအောင်သန့်ဇင်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဒေးဗစ်ရွှေနုလမ်း၊ အမှတ်(၁၀၅)တွင် နေထိုင်သူ ဒေါ်စီလျာသန်း ၁၂/အစန (နိုင်)၀၁၂၇၀၁မှ ဦးအောင်သန့်ဇင် ၁/ဗမန(နိုင်)၀၉၃၂၂၉ တစ်ဦးတည်းအား ၁၅-၅-၂၀၀၈ ရက်စွဲပါ ခြံမြေကိစ္စအရပ်ရပ်လုပ်ပိုင်ခွင့် ကတိစာချုပ်နှင့် ၂၉-၁-၂၀၂၁ ရက်စွဲပါ အထူး ကိုယ်စားလှယ်လွှဲစာတို့အား ရုပ်သိမ်းခြင်း မရှိဘဲ လွှဲအပ်ထားကြောင်း ဦးအောင်သန့်ဇင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ကြေညာသူ- | လွှဲအပ်ချက်အရ- |
| ဒေါ်စီလျာသန်း | ဒေါ်ဝင်းမာလာ(LL.B) |
| ၁၂/အစန(နိုင်)၀၁၂၇၀၁ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၈၀၇၀/၈-၂-၂၂) |
| | ဖုန်း-၀၉-၄၂၅၂၉၀၇၃၄ |

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်(၂၅)တွင်နေထိုင်သော ဒေါ်သီရိဇော် ၅/မရန(နိုင်)၁၅၉၅၅၃ မှ အများသိစေရန်ကြော်ငြာအပ်ပါသည်။ ထိုကြေညာချက်မှာ ကျွန်မတို့၏ မိသားစုဓာတ်ပုံများကို Social Media ပေါ်တွင် တင်၍ သိက္ခာချခြင်းများပြုလုပ်၍သော်လည်းကောင်း၊ ကျွန်မတို့နှင့် တိုက်ရိုက်မသက်ဆိုင်သော ငွေကြေးအရှုပ်အရှင်းကိစ္စများနှင့် ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ အကယ်၍ တွေ့ရှိခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်သီရိဇော် ၅/မရန(နိုင်)၁၅၉၅၅၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ သုခမလမ်း၊ ပထမထပ်၊ အမှတ်(၁၀၆)နေ ကျွန်မ ဒေါ်သူဇာမြင့်ဦး ၁၂/ဗဟန(နိုင်)၀၉၈၀၁၅ ၏ မိခင် ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်စမ်းစမ်းမြင့်ဟု အမည်(၂)မျိုးကွဲလွဲနေသော်လည်းလူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိန်ဝင်း(ခ)ဇိုင်နုဒင်း ၁၂/ပဇတ(နိုင်)၀၁၇၆၉၅ ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၂၀၉၁၇၄၄

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၂၅ယ/၇၀၈၉၆ Honda 125၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးရဲမြတ်သူ ၇/ကတခ(နိုင်) ၁၄၁၄၉၅ မှ မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
နေပြည်တော်ရုံး

## ဖခင်အမည်မှန်

မှော်ဘီမြို့နယ်၊ အထက (ဖူးကြီး)၊ Grade-12 မှ မခင်နန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးအေးမင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးမြို့၊ EC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ ကျောင်းဝင်အမှတ်-၀၁၂၀၊ မချစ်ဖူးစံ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယားအရ ဦးဝင်းထွဋ်ဦး ဖြစ်ပါကြောင်း။

ဦးဝင်းထွဋ်ဦး

## ပတ်စ်ပို့ပျောက်

ဖျာပုံမြို့နယ်၊ အဖောင်ကျေးရွာနေ ဦးအောင်ကျော်ဆင့် ၏ သမီး မမျိုးမြတ်သူ ၁၄/ဖပန(နိုင်) ၂၀၀၄၀၀ ၏ ပတ်စ်ပို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၂၂၈၈၁၀၆

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက(ခွဲ) အထက်ပန်းညိုကျောင်း Grade-11 မှ မခင်လပြည့်ဝန်း၏ မိဘအမည်မှန်မှာ ဦးဆန်းစိုး-ဒေါ်ဌေးဝင်းဖြစ်ပါကြောင်း။

ဦးဆန်းစိုး-ဒေါ်ဌေးဝင်း

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်-ရန်ကုန်မြို့) (၁/၂၀၂၄)အိတ်ဖွင့်တင်ဒါ ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်)ရှိ မော်တော်ယာဉ်(၂)စီး၊ တာယာအဟောင်းများနှင့် ဘက်ထရီအဟောင်းများအား လပ်ပုံများခွဲ၍ မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** | - | ၁၂-၇-၂၀၂၄ ရက်မှ ၁၈-၇-၂၀၂၄ ရက်အထိ ရုံးပိတ်ရက်များမှအပ- နေ့စဉ် နံနက် (၁၀း၀၀)နာရီ မှ (၁၆:၀၀)နာရီအတွင်း |
| (ခ) **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်နေရာ** | - | စီမံရေးဌာန၊ သစ်တောဖက်စပ်(ရုံးချုပ်) အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဂ) **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်/အချိန်** | - | ၂၅-၇-၂၀၂၄ ရက် (၁၀:၀၀) နာရီ |
| (ဃ) **အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်/အချိန်** | - | ၂၅-၇-၂၀၂၄ ရက် (၁၃:၀၀) နာရီ |
| (င) **အိတ်ဖွင့်တင်ဒါ ကျင်းပမည့်နေရာ** | - | မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန (အစည်းအဝေးခန်းမ)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

၂။ အိတ်ဖွင့်တင်ဒါတွင် လပ်ပုံ(၇)ပုံ ရောင်းချမည်ဖြစ်ပြီး မိမိယှဉ်ပြိုင်လိုသည့် လပ်ပုံတွင်ပါဝင်သည့် ပစ္စည်းအားလုံးကို ဝယ်ယူရမည်ဖြစ်ပါသည်။ လပ်ပုံ(၁)ပုံခြင်းအလိုက် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များအား သစ်တောဖက်စပ်(ရုံးချုပ်) ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့် ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၀၉-၄၅၂၃၃၆၁၁၂၊ ၀၉-၄၄၃၂၅၀၀၅၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့
သစ်တောဖက်စပ်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇-B၊ လူနေရပ်ကွက်အမှတ်- နံ့သာကုန်း၊ မြေကွက်အမှတ်-၂၀၊ မြေအမျိုးအစား-B၊ ဧရိယာ ၅ ဒသမ ၈၃၁၈ ဧက အမည်ပေါက် Aရာကွက်ဘာလီနှင့် စဘီနာဘီဘီ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော အလျား x အနံ (၁၉ x ၇၄)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ အမှတ်(၅၁)၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟု ခေါ်တွင်သည့် (၃)ထပ် အဆောက်အအုံ၊ မီတာ(၂)လုံး၊ ရေမီး အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းကို ဝန်ခံကတိပြုသူ ဦးသောင်းနိုင် ၁၂/အစန(နိုင်)၀၂၅၂၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့အဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည်ရက်မှစ၍ (၁၄)ရက်အတွင်း ဥပဒေအရ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရှိစလင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၈၅)
အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်း(၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၉၃၁၁၅

## ၃၀-၆-၂၀၂၄ရက်စွဲပါ ဒေါ်မိုးသီတာခိုင်ပါ(၃)ဦးတို့၏ အများသိစေရန်အသိပေး ကြေညာခြင်းကြော်ငြာနှင့်ပတ်သက်၍ ကန့်ကွက်ရှင်းလင်းခြင်း

ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ၄၂ လမ်း၊ အမှတ်-၃၅၊ မြေညီထပ်တိုက်ခန်းသည် ကွယ်လွန်သူမိဘ(၂)ဦး ကျန်ရစ်ခဲ့သောအမွေဆိုင် တိုက်ခန်းဖြစ်ပါသည်။ အမွေဆိုင်မောင်နှမများတွင် သမီး ဒေါ်ကြည်ကြည်မြင့် သက်ရှိထင်ရှားရှိပါသည်။ကျန်သားသမီး(၅)ဦး ကွယ်လွန်သွားကြရာတွင် အစ်ကို မိုဟာမက်ဟူစိန်တွင် သားသမီး(၃)ဦး၊ နူရ်ဟူစိန်တွင် သားသမီး(၄)ဦး၊ ရမ်ဇာန်ဘီတွင် သား(၁)ဦးနှင့် မိုးသီတာခိုင်၊ နှင်းသီရိခိုင်၊ ဇော်ထူးအောင် ဆိုသော တူ၊ တူမ များ(၁၁)ဦးရှိပါသည်။ ထို့ကြောင့် ထိုအခန်းနှင့်ပတ်သက်၍ အမွေဆိုင်များအဖြစ် ဒေါ်ကြည်ကြည်မြင့်နှင့် တူ၊ တူမ(၁၁)ဦးတို့ရှိနေရာ ဒေါ်ကြည်ကြည်မြင့်က ထိုအမွေဆိုင်အခန်းတွင် အားလုံးကို အမွေဝေစုပေးရန် ဆန္ဒရှိပါသည်။

မိမိတစ်ဦးတည်းက ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းရန် ပြုလုပ်ခြင်း မရှိဘဲ ယခုကဲ့သို့ကြော်ငြာခြင်းမှာ ဒေါ်ကြည်ကြည်မြင့်၏ တရားသဖြင့် ဆောင်ရွက်ပေးလိုသောစေတနာကို စော်ကားရာရောက်ပါသဖြင့် ထိုကြော်ငြာကို ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းရန် ပြန်လည်ရှင်းလင်း ကြော်ငြာလိုက်သည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
| ဒေါ်ကြည်ကြည်မြင့် | ဦးရွှေလှိုင်တင် | ဒေါ်ခင်အေးလှိုင် |
| ၁၂/ဗတထ(နိုင်)၀၃၈၈၂၇ | BA,HGP,PGDL,DBL | LL.B,LL.M(Civil Law) |
| | (စဉ်-၁၀၆၈၃) | (စဉ်-၁၂၂၀၈) |

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၃၁)၊ (ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊
(၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇၊
၀၉-၂၅၄၁၃၄၄၃၀

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကွင်းအမှတ်(၁၀၄၀)ဆက်သွားကျွန်း၊ ဦးပိုင်အမှတ်(၇၉/က)၊ ရိပ်သာရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အကျယ်ပေ(၄၀ x ၆၀)၊ အမှတ်(၆၄)၊ ဦးအောင်မျိုးလွင် ၁၂/လကန(နိုင်)၁၃၁၀၆၃ ထံမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ ပိုင်ဆိုင်သူ အသီးသီးတို့သည် ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးလွင် ၁၂/လမန(နိုင်)၀၇၄၈၉၂
အမှတ်(၂၅)၊ လှိုင်မြစ်လမ်းမ၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၆၀၁၅၉၉၈၃

## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၁)၊ (၁၀)လမ်း၊ အမှတ်(၂၃)၊ ပထမထပ်၊ မှန်ခန်း(ခေါင်းရင်းခန်း) (၁၂ ဒသမ ၅ x ၅၀)ပေရှိ ရေ၊ လျှပ်စစ်မီးစုံ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါသည်

ဖော်ပြပါ တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်စပ်စာချုပ် စာချုပ်စာတမ်း(မူရင်း)ဖြင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်စိန်အေး ၁၁/ပဏတ(နိုင်)၀၄၈၉၁၅ က မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံ၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသည့်အတွက် ဒေါ်နှင်းပွင့်ဝေ ၁၂/တမန(နိုင်)၁၀၇၄၅၇၉ မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းထွန်း(B.sc,H.G.P,D.B.L,D.M.L)
အထက်တန်းရှေ့နေ(စဉ်-၁၀၆၁၆)
ဖုန်း-၀၉-၅၁၈၃၃၂၆၊ ၀၉-၇၇၅၁၈၃၃၂၆

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၅၀၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၅)ထပ်တိုက် အဆောက်အအုံ၏(မြေညီ)ထပ်၊ အခန်း(၀၀၂)၊ အကျယ်အဝန်း ပေ(၁၂.၅x၅၀) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် ဆက်စပ်စာချုပ်များ လက်ဝယ် ကိုင်ဆောင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဦးဇေယျကျော် ၁၂/ကမရ(နိုင်)၀၀၂၃၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန်အတွက် ၆-၇-၂၀၂၄ရက်တွင်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်ဝေထွန်း(LL.B)
အထက်တန်းရှေ့နေ
(စဉ်-၃၅၈၉၄၊ ၃၀-၁၁-၂၀၁၅)
အမှတ်၁၄၆/ဘီ၊ မုဒိတာအိမ်ရာ-၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ကလောပြည်နယ်ခွဲ၊ ရပ်ကွက်/ကျေးရွာအုပ်စု-၁၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၃၊ ဦးပိုင် အမှတ်-၉၈၊ မြေကွက် အမှတ်-၄၉၊ မြေမျိုးနှင့်အတန်းအစား-မြို့မြေ၊ ဧရိယာ ၀ ဒသမ ၀၅၂ဟု ခေါ်တွင်သော ဒေါ်မြင့်မြင့်သွင် (ခ) မြင့်မြင့်စန်း ၁၂/ဥကမ(နိုင်)၀၆၁၇၁၉ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ဂျူးသက်လယ် ၁၂/ပဇတ(နိုင်)၀၃၃၉၁၇ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှု တစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆိုခိုင်လုံသောအထောက်အထား မူရင်း များဖြင့် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၉၉)
အမှတ်-၂၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၇၅၂၈၀၀၀

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၉/၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 70(LPT) /MPE-KZ | Calcium Hypochloride Powder(Bleaching Powder) 65% | 7 MT |
| ၂။ | 71(LPT) /MPE-F4 | Process Air Compressor (Steam Turbine & Compressor) Major Overhaul စစ်ဆေး ပြုပြင်ခြင်းလုပ်ငန်း | 1 Lot |
| ၃။ | 8R(LPT) /MPE-F4 | Spare Parts for Semilean Solution Pump (Brand New) | 1 Lot |
| ၄။ | 31R(LPT) /MPE-F4 | 33KV Control Panel (Indoor Type) with 33KV Busbar, VCB, CT, LA, Protection Equipment and Control Accessories | 1 No |
| ၅။ | 45R(LPT) /MPE-F5 | Demin Water Pump (P-5402 A/B) with Motor (Brand New) | 1 Set |
| ၆။ | 48R(LPT) /MPE-F5 | Vacuum Contactor Fuse Composite Electrical Apparatus (Brand New) | 1 No |
| ၇။ | 53R(LPT) /MPE-HQ | Propane ($C_3$) Cylinder (Empty) (48 Kg) | 200 Nos. |
| ၈။ | 55R(LPT) /MPE-F4 | Vacuum Circuit Breaker with Control Panel for 33KV Incoming Panel | 1 No |
| ၉။ | 61R(LPT) /MPE-KZ | Ammonia Flow Meter with Counter | 2 Sets |
| ၁၀။ | 62R(LPT) /MPE-F4 | Spare Parts for Urea Hydrolizer Feed Pump (Brand New) | 1 Lot |
| ၁၁။ | 6R-R(LPT)/MPE-KZ | Sapre Parts for $CO_2$ Compressor | 1 Lot |
| ၁၂။ | 15R-R(LPT)/ MPE-MANN | Magnetic Air Circuit Breaker(Brand New) | 1 Set |
| ၁၃။ | 18R-R(LPT)/MPE-KZ | Vibration & Thrust Measurement System(Brand New) | 2 Sets |
| ၁၄။ | 21R-R(LPT)/ MPE-TLN | 3.3 KV Indoor Gas Circuit Breaker (GCB) Switch Gear with metering & Protection 3.3 KV,1250 A | 1 Set |
| ၁၅။ | 23R-R(LPT)/ MPE-TLN | Emergency Diesel Generator 25 KVA(Brand New) | 1 No |
| ၁၆။ | 28R-R(LPT)/ MPE-MANN | Transformer Oil(JIS C 2320-1978 Class 2) | 20,000 Liters |
| ၁၇။ | 38R-R(LPT)/ MPE-TLN | CFR Engine (Fuel Research Unit)Top Overhaul | 1 Lot |
| ၁၈။ | 54R(LPT) /MPE-HQ | Butane ($C_4$) (15 Kg) Cylinder (Empty) | 1000 Nos. |
| ၁၉။ | အဆိုပြုလွှာအမှတ် 14/MPE-HQ | Printer & Scanner | 3 Items. |
| ၂၀။ | အဆိုပြုလွှာအမှတ် 15/MPE-HQ | Inkjet Color Printer | 2 Nos. |
| ၂၁။ | အဆိုပြုလွှာအမှတ် 16/MPE-KZ | Helium Gas with Cylinder | 10 Nos. |
| ၂၂။ | အဆိုပြုလွှာအမှတ် 17/MPE-KZ | Nitrogen Gas with Cylinder | 10 Nos. |
| ၂၃။ | အဆိုပြုလွှာအမှတ် 18/MPE-HQ | Diesel Generator(6.5 KVA/5 KW) | 1 No. |
| ၂၄။ | အဆိုပြုလွှာအမှတ် 19/MPE-MBU | Battery Cell for Main UPS with Stand(Brand New) | 96 Nos. |
| ၂၅။ | အဆိုပြုလွှာအမှတ် 1R/MPE-TLN | Temperature Sensor Positioning Device | 1 No. |
| ၂၆။ | အဆိုပြုလွှာအမှတ် 9R/MPE-KZ | Portable Pump with Motor (Brand New) Complete Set | 1 No. |
| ၂၇။ | အဆိုပြုလွှာအမှတ် 12R/MPE-KZ | Filter Pump with Motor(Brand New) | 1 Set |
| ၂၈။ | အဆိုပြုလွှာအမှတ် 2R-R/MPE-MANN | Refinery Standard Gas for Gas Chromatography (Brand New) | 1 No. |
| ၂၉။ | အဆိုပြုလွှာအမှတ် 20/MPE-F4 | Hydrochloric Acid | 10 MT |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၉-၇-၂၀၂၄ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တို့တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာ အား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm) တွင်လည်း ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါ တင်ဒါပိတ်မည့်နေ့များတွင် ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (နေပြည်တော်) သို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်-

(က) အမှတ်စဉ်(၂၉)အိတ်ဖွင့်တင်ဒါ — ၁၅-၇-၂၀၂၄ ရက်

(ခ) အမှတ်စဉ် (၁ မှ ၂၈အထိ ) အိတ်ဖွင့်တင်ဒါများ — ၂၂-၇-၂၀၂၄ ရက်

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅**

### ဖခင်အမည်မှန်

အထက(၁)၊မအူပင်၊ Grade-11 (E)မှ မောင်ချစ်မင်းဦး ၏ ဖခင် အမည်မှန်မှာ ဦးစိုးသူရ ၁၄/မအပ(နိုင်)၁၉၇၅၁၇ ဖြစ်ပါကြောင်း။

**ဦးစိုးသူရ**

### အမည်ပြောင်း

အထက(၁)၊ မအူပင်၊ Grade-12 (E) မှ (ဘ) ဦးဝင်းနိုင်စိုး ၏ သမီး မမေသူ အား မပပဝင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မပပဝင်း**

### မီးသတိပြု

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်(မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၃၆၁)၊ အကျယ်အဝန်း ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀) မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ(၁)လမ်း၊ အမှတ်(၃၆၁)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် (၁) ဦးစောစိုးလှအောင် ၁၂/သဃက(နိုင်)၀၂၅၉၇၄၊ (၂) ဒေါ်နန်းစန်းစန်းနွယ် ၁၂/ဥကတ(နိုင်)၁၁၆၄၆၄၊ (၃) ဒေါ်နန်းမိမိရွှေ ၁၂/ဥကတ(နိုင်)၁၁၆၄၅၄၊ (၄)ဒေါ်စန်းစန်းရွှေ ၁၂/ဥကတ(နိုင်) ၀၁၂၆၀၇ တို့၏အမည်ဖြင့် မှတ်သားထားပါသည်။ ၎င်းတို့(၄)ဦးထံမှ ၂၁-၆-၂၀၂၄ ရက်စွဲပါ ရန်ကုန်မြို့၊မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၅၁၁၅/၂၀၂၄)အရ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များ အပြီးအပိုင်ရောင်းချခြင်းစာချုပ်ဖြင့် ဦးတင့်လွင် ၁၂/ဒဂန(နိုင်)၀၁၇၀၃၂ မှ ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုနန္ဒာထွန်း**

**အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)**

**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၀၅၁၁၃**

### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်မှ ဇူလိုင်လ ၂၇ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၁ ပေခန့်မှ ၂၀ ဒသမ ၉၆ ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံ ရေစစ်မျဉ်းအထက်အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီးနေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

### ကြော်ငြာစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
### ဗိုလ်တထောင်ခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၅

**ကွယ်လွန်သူ ဒေါ်အမာဘီ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၆)လမ်း၊ အမှတ်(၃၄)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အမာဘီ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် (၁) ဦးခင်မောင်(ခ)ဦးလှထွန်း၊ (၂) ဒေါ်နူရ်ဘီ (ကွယ်လွန်သူ ဒေါ်အမာဘီ၏ တူ/တူမ တော်စပ်သူ) က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အမာဘီ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အမာဘီ ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်သူဇာခင်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**ဗိုလ်တထောင်ခရိုင်တရားရုံး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/2291 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်(ဖ-၁၃)၊ ဦးပိုင်အမှတ် (၁၆-ခ)၊ ၅၃x၅၄လမ်းကြား၊ ၁၁၂လမ်းရှိတောဂရန် မြေကွက်အမည်ပေါက်သူ မိခင် ဒေါ်သောင်းကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ်(၁၄၈၇/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်ဌေးတင် ၉/မနတ (နိုင်) ၀၂၈၅၅၈၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၃၇/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းမင်းသိန်း ၉/အမဇ(ဧည့်)၀၀၀၁၇၄က တောဂရန် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်(ဇဇ-၂၇)၊ ဦးပိုင်အမှတ် (၃)၊ ၅၂လမ်းနှင့်ခိုင်ရွှေဝါလမ်းထောင့်ရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးသက်နိုင် (ခ)စီရင်ဒါး ၉/မရမ(နိုင်)၀၆၃၉၉၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၀၇/၂၀၀၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခေါင်းကြားရင်(KKI-၁၂၇၂၆၂) ၁၃/ကခန(နိုင်)၀၁၃၅၀၂က ဂရန်စာချုပ် တင်ပြ၍ ဂရန်အမှုတွဲအမှတ် (၀၇၅၀/၂၀၂၃-၂၀၂၄)အား ပိတ်သိမ်းခွင့်ပြုပါရန်နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံခွင့်ဥပဒေပုဒ်မ-၃၇၃)**
**လယ်ဝေးခရိုင်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၉**

**ကွယ်လွန်သူ ဦးထွန်းမြင့်-ဒေါ်အေးတို့၌ ကျန်ရစ်သောပစ္စည်းအကြောင်း**

၁။ ဒေါ်မြင့်မြင့်သန်း
၂။ ဒေါ်ခင်မာချို
၃။ ဒေါ်စန္ဒာမြင့်
၄။ ဦးနိုင်မြင့်
၅။ ဒေါ်မို့မို့ထွန်း
၆။ ဦးအောင်ကိုမြင့် **လျှောက်ထားသူများ**

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မင်းဝိုင်းရပ်၊ အကွက်အမှတ် (၁၇)၊ ဦးပိုင်အမှတ်(၉၅က)၊ ဘုရားကြီးလမ်း၊ အိမ်အမှတ်(၂/၃၁)နေ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မာချို၊ ဒေါ်စန္ဒာမြင့်၊ ဦးနိုင်မြင့်၊ ဒေါ်မို့မို့ထွန်း၊ ဦးအောင်ကိုမြင့်တို့က ကွယ်လွန်သူ ဦးထွန်းမြင့်-ဒေါ်အေးတို့၏ သား/သမီးများဖြစ်ကြသည်ဟူ၍ နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မင်းဝိုင်းရပ်၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(၉၅က)၊ ဘုရားကြီးလမ်း၊ အိမ်အမှတ်(၂/၃၁)၊ (၂)ထပ် အုတ်တိုက်ခံ၊ ပျဉ်ထောင်အိမ်(၁)လုံးပါ အကျယ်အဝန်း (၄၅ x ၁၀၅)ပေရှိ အိမ်ဝိုင်းခြံမြေအား အမည်ပြောင်းလျှောက်ထားရန် အမွေဆက်ခံခြင်းအက် ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးထွန်းမြင့်- ဒေါ်အေးတို့ကျန်ရစ်သော အိမ်ဝိုင်းခြံမြေ၊ ယင်းပေါ်ရှိ (၂)ထပ်အုတ်တိုက်ခံ၊ ပျဉ်ထောင်အိမ်(၁)လုံးပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (၁၃၈၅ ခုနှစ်၊ ဝါဆိုလဆုတ် ၄ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူများ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်/မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ခိုင်)**
**ဒုတိယခရိုင်တရားသူကြီး**
**လယ်ဝေးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ်(ဗ-၅)၊ ဦးပိုင်အမှတ် (၈-ဒီ)၊ ၁၁၄လမ်းxမန်-လားရှိုးသံလမ်းကြား၊ ၅၉x၆၀ကြားရှိ တောဂရန်မြေကွက်အား၊ အမည်ပေါက်သူခင်ပွန်း ဦးသောင်းရွှေ ကွယ်လွန်၍ ကျန်ရစ်သော ဇနီးဖြစ်သူ ဒေါ်စံရှားတင် ၉/မနတ(နိုင်)၀၂၆၆၄၈ ကတောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက် ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံ ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၂၄၀)၊ ဦးပိုင်အမှတ်(၂၁-က)၊ ၂၇လမ်း၊ ၈၈x၈၉လမ်းကြားရှိ ဦးတင်ရွှေ၊ ဒေါ်ခင်ကြည် အမည်ပေါက် ဘိုးဘမြေကွက်အား၊ ဖခင်ဦးတင်ရွှေ၊ မိခင် ဒေါ်ခင်ကြည်၊ သားဖြစ်သူများဖြစ်ကြသော ဦးယုတင်၊ ဦးစိန်ဌေး၊ ဦးသန်း ထွန်းဇော်တို့ (လူပျိုကြီးဘ၀)ဖြင့်အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်အမှတ် (၁၆၀၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်စန်းစန်းခိုင် ၊ ဒေါ်စန်းစန်းမော်တို့နှစ်ဦးအနက် ဒေါ်စန်းစန်းခိုင်ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ် အမှတ် (၂၃၄၅/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်စန်းစန်းမော် ၉/မနတ (နိုင်)၀၀၄၈၉၉က အမှုတွဲအမှတ် ၀၂၂၉/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၇)၊ ဦးပိုင်အမှတ်(၈)၊ ၆၇လမ်းအနောက်ဘက်နှင့် ၁၃၀လမ်း မြောက်ဘက်ရှိ ဒေါ်မြကြည် အမည်ပေါက်တောဂရန်မြေကွက်အား ဖခင် ဦးဘုန်းကျော်၊ မိခင် ဒေါ်မြကြည်၊ သားဖြစ်သူ ဦးမင်းမင်းလတ် (လူပျိုကြီးဘ၀)တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၃၂၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်စန်းစန်းယု ၉/မနတ(နိုင်)၀၀၁၄၄၈၊ ဦးမင်းမင်းအောင် ၉/မနတ(နိုင်)၀၀၅၃၇၂ တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၁၉၅၈/၂၀၂၄-၂၀၂၅ ဖြင့် တောမှ မြို့ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၇)၊ ဦးပိုင်အမှတ်(၈)၊ ၆၉လမ်း၊ ၁၁၄x၁၁၅လမ်းကြားရှိ တပ်ကြပ်မြဒင် အမည်ပေါက်မြေကွက်အား ဖခင် ဦးမြဒင်၊ မိခင် ဒေါ်ရီရီမြင့် (သားဖြစ်သူ) ဦးရဲထွန်း(လူပျိုကြီးဘ၀)တို့အသီးသီးကွယ်လွန်၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၅၂၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သူ ဦးမြကိုကို ၈/မကန(နိုင်) ၀၀၁၁၇၇၏ (GP ရရှိသူ ဦးစိုင်းဟိန်းစံ) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၁၉၅၆/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(ညောင်ကျိုး) Grade-12မှ မဂျူလျှံမိုမို၏ ဖခင် အမည်မှန်မှာ ဦးကိုကိုအောင် ၁၄/အဂပ(နိုင်)၁၆၉၉၅၂ ဖြစ်ပါကြောင်း။

**ဦးကိုကိုအောင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(အေးမွန်)ကျောင်း Grade-12မှ မောင်ဟိန်းသူအောင်နှင့် အမက (မူလွန်)အောင်သာတဲစု ကျောင်း Grade-၆မှ မပိုးမျှော်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၇/ကဝန(နိုင်)၀၉၈၁၉၆ ဖြစ်ပါ ကြောင်း။

**ဦးမြင့်အောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64W/71429 HONDA CLICK 125 ယာဉ်လက်ဝယ် ရှိသူ ဦးအေးထွန်း ၁၃/နခတ(နိုင်) ၀၅၃၄၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသီတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈၃ယ/၃၇၆၆၈ Yamaha Fzs F1 150 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motor Bike Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါ ရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈၂ယ/၇၁၇၇၇ Honda RSX 110 ယာဉ်လက်ဝယ် ရှိသူ Easy Rider Motor Bike Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၇ယ/၂၈၈၄၂ DTNaing 00 110 ယာဉ် လက်ဝယ်ရှိသူ Myanmar Grand Royal Holding Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါ ရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမောင်မောင်၏သား ကျွန်တော် မောင်ဝင်းထွေး ၁၁/သတန(နိုင်)၀၆၄၀၀၅ တွင် သင်္ဘောသား ပတ်စပို့(M-6060431, CDC-79598) နှင့်အတူ သင်္ဘောသားလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၈၈၁၉၂၀**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

နယ်မြေ(၉)၊ အောင်ဇေယျ ရပ်ကွက်၊ တပ်ကုန်းမြို့နေ (ဘ) ဦးမြခိုင်၏သား ဦးသူရထွန်း ၉/တကန(နိုင်)၂၁၅၇၀၅ ၏ နိုင်ငံကူးလက်မှတ် (အမှတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၆၅၇၆၆၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်အမှတ်(၁၁)၊ ၅၉ x ၆၀.Aကြား၊ ပျူစောထီး x ကျန်စစ်သားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းဝင်း ၅/ကလန(နိုင်)၀၀၁၉၄၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း(င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၆)၊ ဦးပိုင်အမှတ်(၃-ခ)၊ ၁၂၁ x ၁၂၂ ကြား၊ ၆၀A x ၆၀B လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ တပ်ကြပ်လှမြင့် ၉/ကဆန(နိုင်)၁၂၀၁၇၁ ၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အုံးမြ ၁/မညန(နိုင်)၀၅၆၈၆၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၅-ခ/၄၁၀)၊ ဦးပိုင်အမှတ်(၂၅)၊ ရန်-မန်းလမ်းအနောက်ဘက်ရှိဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်လှိုင်လှိုင်ဦး ၇/ပခန(နိုင်)၂၅၀၂၄၇၊ ဦးမင်းဇော်လှိုင် ၁၄/ပသရ(နိုင်)၀၀၅၂၉၈၊ ဦးအောင်ဇော်လှိုင် ၁၂/သလန(နိုင်)၀၅၈၃၃၆၊ ဦးထွေးဇော်လှိုင် ၉/မနမ(နိုင်)၀၂၄၈၈၅၊ ဦးအောင်ကျော်ထွေးအေး(ခ) အောင်ကျော်ထွေး ၉/မနမ(နိုင်)၀၂၄၈၈၄ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၅၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟန်နီဘိုဘို ၁၃/တကန(နိုင်)၂၁၃၁၆၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၁)၊ ဦးပိုင်အမှတ်(၂၁-ဓ)၊ ၃၀ x ၃၁ ကြား၊ ၈၁ x ၈၂ ကြားရှိ ဒေါ်သိဂီမြင့် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးချစ်ဆွေ၊ မိခင် ဒေါ်သိဂီမြင့် တို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသားဖြစ်သူ ဦးဝင်းဆွေ ၉/မမန(နိုင်)၀၀၅၀၄၇ က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၆)၊ ဦးပိုင်အမှတ်(၅၀-ဓ)၊ ၃၃ x ၃၄ ကြား၊ ၈၀ x ၈၂ ကြားရှိ ဦးလှိုပန်းကျင်(ခ)လှိုပန်းကျင် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးလှိုပန်းကျင်(ခ)လှိုပန်းကျင်၊ မိခင်ဒေါ်ရန်ဂူတို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စီရင် ၉/မရမ(နိုင်)၀၉၁၄၇၈ က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံ ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်အမှတ်(၁၀၁)/၆၅ x ၆၇ ကြား၊ ဇော်ဂျီနှင့်ကုသိုလ်တော်လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၈၁/၉၀-၉၁) အရ ဦးအုန်းမောင်(ခ)အုံးမောင် ၈/ပခက(နိုင်)၁၅၄၄၇၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးသန်းလွင် ၉/မရတ(နိုင်)၀၃၉၈၀၇ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၇)၊ ဦးပိုင်အမှတ်(၂၀)၊ ၅၂ လမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်ရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးသက်နိုင်(ခ)စီရင်ဒါး ၉/မရမ(နိုင်)၀၆၃၉၉၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၀၈/၂၀၀၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခေါင်းကြားရင်(KKI-၁၂၇၂၆၂) ၁၃/ကခန(နိုင်)၀၁၃၅၀၂ က ဂရန်စာချုပ်တင်ပြ၍ ဂရန်အမှုတွဲအမှတ်(၀၅၉၄/၂၀၂၃-၂၀၂၄)အား ပိတ်သိမ်းခွင့်ပြုပါရန်နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)၊ ဦးပိုင်အမှတ်(၅၇-က)၊ ဘုရင့်နောင် x အောင်ဇေယျကြား၊ ၆၁ x ၆၀.B လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးမင်း ၅/ပလန(နိုင်)၀၅၀၉၁၅ ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၀၆၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာဦး ၁၃/သနန(နိုင်)၀၂၇၇၉၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်အမှတ်(၇၀)၊ ၅၅ x ၅၄ ကြား၊ အောင်ဇေယျနှင့် ဘုရင့်နောင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ပြုံးပြုံး ၉/ပကခ(နိုင်)၀၁၅၈၃၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/30374 HONDA CLCIK 150 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမင်း ၁၂/ဥကတ(နိုင်)၁၄၁၀၁၇ က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/50099 HONDA CLICK 160 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဆန်း ၁၄/အဂပ(နိုင်)၁၁၈၅၈၇ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၃)လမ်း၊ အမှတ်(၁၆၉/က)၊ စတုတ္ထထပ်၊ ၅-လွှာ၊ (A)ဘက်ခြမ်း တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ငံးရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်ဌေး ၁၂/ဥကမ(နိုင်)၀၂၃၃၈၅၊ ဦးသန်းမြင့် ၁၂/ဥကမ(နိုင်)၀၂၅၁၆၅ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာစိုး ၁၂/ဥကမ(နိုင်)၂၀၅၁၆၅ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြို့လုလင်ကျေးရွာအုပ်စု၊ ဈေးတန်းကျေးရွာနေ (ဘ) ဦးတင်ထွန်းနှင့်(အမိ) ဒေါ်လှမေ ၈/မသန(နိုင်)၀၄၆၅၃၁ တို့၏သမီး မစုလဲ့ရတနာ(ခ)မချစ်မီးမီး ၈/မသန(နိုင်) ၁၈၁၈၉၂ သည် မိခင်နှင့် ဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်လှမေ ၈/မသန(နိုင်)၀၄၆၅၃၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လပွတ္တာခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

| | | |
|---|---|---|
| ဦးနိုင်လင်းအောင် | နှင့် | ဦးမောင်ဇော်(ခ)စည်သူ |
| **(တရားလို)** | | **(တရားပြိုင်)** |

မော်လမြိုင်ကျွန်းမြို့နယ်၊ အုန်းပင်စုကျေးရွာအုပ်စု၊ ဖြကြီးကျေးရွာ၊ (ကညင်ချောင်း)နေ တရားပြိုင်ဦးမောင်ဇော် (ခ) စည်သူ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ကုန်ဖိုးကြွေးတင်ထုတ်ယူသည့် စာရင်းရှင်းပြီး ပေးဆပ်ရန်ကျန်ငွေ ၁၁၇၁၉၁၁၃(ကျပ်တစ်ရာတစ်ဆယ့်ခုနှစ်သိန်းတစ်သောင်းကိုးထောင်တစ်ရာတစ်ဆယ့်သုံးကျပ်တိတိ)ရလိုကြောင်း လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**လပွတ္တာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြကန်သာ(၂)လမ်း၊ မြေကွက်အမှတ်(၉၀၉/က)ဟု ခေါ်တွင်သော မြေ အလျား x အနံ ပေ(၂၀ x ၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးနေလင်း (TME-၀၁၇၆၀၇)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဆုပြည့်လင်း ၁၂/ဥကတ(နိုင်)၁၆၁၁၂၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးဝင်း ၁၂/မဂတ(နိုင်)၀၀၂၇၆၉ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၂၀၆၆)** | **(စဉ်-၁၂၃၆၅)** | **(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)ရပ်ကွက်၊ ဝေသန္တရာလမ်း၊ မြေကွက်အမှတ်(၁၁၈၄)ဟု ခေါ်တွင်သော (၆)ထပ်တိုက် တတိယထပ်(ဝဲ)(၄)လွှာ အကျယ်အဝန်း အလျားအနံ (၁၇ x ၅၂)ခန့်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ရေမီးမီလ္လာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နော်မဲခလေး ၁၂/သဃက(နိုင်)၀၂၃၉၂၇ မှ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟေမန်အောင် ၉/မထလ(နိုင်)၂၇၄၆၃၇မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၄၃)**
**အမှတ် ၁၃(B)မေတ္တာလမ်း၊ ၁၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၉၇၂၇၉၇၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(စံပြ)၊ မြေကွက်အမှတ်(၁၁၄)၊ စံပြ(၅)လမ်း၊ တိုက်အမှတ်(၁၁၄) ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ် (ခြေရင်းဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ပေ ၅၀) ရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်လျှပ်စစ်မီတာ/ကိုယ်ပိုင်ရေမော်တာ အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်ခင်ခင်သန်း ၁၂/ဥကတ(နိုင်)၀၀၇၂၈၃ သည် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ထွေးထွေးဝင်း ၈/တတက(နိုင်)၁၃၉၂၀၅ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသအား (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အဆိုပါတိုက်ခန်း၏ အရောင်း အဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေးဝင်း ၈/တတက(နိုင်)၁၃၉၂၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေးသီတာအောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၄၅၁)**
**တိုက်(၂)၊ အခန်း(၁၀၃)၊ (ဇ/တောင်)ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊**
**သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၁၂၄၇၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ မန္တလေး ရပ်ကွက်နေ ကျွန်မ ဒေါ်မိုးသဇင်လွင် ၁၀/မလမ(နိုင်)၂၈၀၉၈၉ ၏ ဖခင် ဦးအောင်ကိုလွင်နှင့် ဦးအောင်တိုးလွင် ဟု အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်၊ အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီဟအကယ်ဒမီကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 မှ နော်မူးလော်အယ်၏ အမည်မှန်မှာ နော်မူးလောအယ်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၂-၂၀၀၆ ဖြစ်၍ ဖခင်အမည်မှန်မှာ ဦးတင်ဇော် ၂/လကန(နိုင်)၀၅၁၂၄၈ ဖြစ်ပါကြောင်း။

## အမည်မှန်

ပုလဲစံပြကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11 မှ မဆုမြတ်မှူး ၁၂/ဥကမ(နိုင်)၂၆၆၆၀၀ ၏ အမည်မှန်မှာ မဆုမြတ်မှူးသန့် ဖြစ်ပါသည်။

**မဆုမြတ်မှူးသန့်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/66437 Dayang 125 ယာဉ်လက်ဝယ်ရှိသူ Sein Sabae Phyu Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီး ရပ်၊ မြေရိယာ ၀ ဒသမ ၀၅၅ ဧကရှိ တပ်ကြပ် ဆလိုင်းဝင်းဌေး (ဘ) ဦးမှတ်ကျော် ၁၂/အစန(နိုင်)၁၈၁၃၀၈ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပစ(င)၆၃၉၅) ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်ဇနီး ဖြစ်သူ ဒေါ်ညပန်းနွယ် (ဘ) ဦးထွန်းရင် ၁/မကန(နိုင်)၀၂၅၅၂၁ မှ မှတ်ပုံတင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ဘုရား ၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးတင်အောင်
### လက်ထောက်မန်နေဂျာ (ငြိမ်း)၊ ဆသရ
### အသက် (၈၆) နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နေ (ဦးဘလှိုင်-ဒေါ်မြစိန်)တို့၏ သားငယ်၊ (ဦးမောင်ညွန့်-ဒေါ်သိန်းတင်) တို့၏ သားသမက်၊ ကွယ်လွန်သူ(ဒေါ်အုန်းကြည်) ၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉ လမ်းနေ (ဦးသန်းအေး)-ဒေါ်သီသီအောင် (Myanmar Belle Group)၊ ဦးသန်းဝင်း-ဒေါ်နီနီအောင် (Kose' Cosmetics)၊ ဦးကိုကိုအောင် (Myanmar Agri Foods)-ဒေါ်မေသင်းနွယ်(Promart Company)၊ ဦးရဲမြင့်မောင်(Myanmar Belle Group)- ဒေါ်အေးအေးဝင်း (TMY Company)၊ (ဦးမြင့်ခိုင်)-ဒေါ်တင်ရဝေအောင် (Promart Company) တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာစိုးလွင်ထွန်း (Country Manager, Int'l SOS)၊ ဒေါက်တာ အောင်သူရထက် (USA)၊ ဒေါက်တာလွင်စံမီအောင် (Skinland Clinic)၊ မအေးချမ်းသူ (Myanmar Belle Group)၊ မောင်ရဲရင့်နိုင်(ဂျပန်)၊ မောင်ကောင်းထွဋ်၊ မောင်ဟိန်းဇမ္ဗူထွဋ်၊ မယုအိမောင် တို့၏ချစ်လှစွာသော အဘိုး ဦးတင်အောင် (လက်ထောက်မန်နေဂျာ(ငြိမ်း )၊ ဆသရ )သည် ၈-၇-၂၀၂၄ ရက် (တနင်္လာနေ့) နံနက် (၄:၅၈) နာရီတွင် Grand Hantha ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၂၄ ရက်၊ နေ့လည် ၁၃:၀၀ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၂၄ (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉ လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ရေဝေးခန်းမ ။ ။ ခန်းမဆောင်(သစ်)၊ နေ့လယ်(၁၃:၀၀)နာရီ**

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း အလှူ ဒါယိကာမကြီး
## ဒေါ်ခင်မြင့်မြင့်ဆွေ
### ဆရာမကြီး အငြိမ်းစား
### (အထက-၁၊ လမ်းမတော်)(St.John's Dio)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၇-A)၊ သံလွင်လမ်းနေ(ဦးဘမော်-ဒေါ်ကျင်ဝမ်း)တို့၏သမီးကြီး၊ ဦးမြင့်ဟန်၏ဇနီး၊ ဒေါက်တာ ကြီဋ္ဌေးဟန်-ဒေါ် Sally,ဒေါက်တာ ဝင်းမြင့်အောင်-ဒေါက်တာ ခိုင်သင်းဟန်တို့၏ မိခင်၊ မြေး၄ယောက်၊မြစ်တစ်ယောက်တို့၏ အဘွားသည် ၈-၇-၂၀၂၄ရက်(တနင်္လာနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## "တိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး။ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၃)လမ်း။ အမှတ်(၁၈၃/က)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ **ပထမထပ်၊ တိုက်အားမျက်နှာချင်းဆိုင်မှုလျှင်(လက်ယာဘက်အခန်း)၊** (၁၄½ပေ × ၅၄ပေ)အကျယ်အဝန်းရှိတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာ **ဦးအောင်ဇော်ဇော်(၁၂/ပဇတ(နိုင်)၀၃၉၉၈၈၆) နှင့် ဦးမျိုးမင်းနိုင်(၁၂/သဃက(နိုင်)၁ရရရ၅၆၉)**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ၎င်းတိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါကတိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ - **ဦးကျော်မျိုးထွန်း LL.B ,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉၇၁)**
အမှတ်-(၂၄၉/ဂ)၊ မိဂသီ(၁၈)လမ်း။ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၁၁၂၈၅၊ ၀၉-၂၅၃၀၆၀၆၆၄

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၂၇၈၃ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၁၀/မလမ(နိုင်) ၁၄၁၁၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ (၄၁)ကျောင်းလမ်း၊ အမှတ်(၇၂၅/A)ဟု ခေါ်တွင်သော RCC(၂) ခန်းတွဲ(၅)ထပ်တိုက်၏ ခြေရင်းခန်းတိုက်ခန်း(ပထမထပ်)(၁-လွှာ) အကျယ်အဝန်း(၁၅)ပေx(၄၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်သည့် လျှပ်စစ်မီတာ၊ရေမော်တာနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဒေါ်ခင်မျိုးညွန့် ၁၂/တကန(နိုင်)၁၃၀၂၄၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဂျယ်ရာဒင်ဝီလျံ ၁၂/သဃက(နိုင်)၁၃၈၀၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်ခက်ခက်နိုင် (LL.B)(စဉ်-၂၈၆၇၄) ဒေါ်ရီလေးမော် (LL.B) (စဉ်-၁၄၇၀၇)**
**အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၈၉၃၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၂၂၇ ယာဉ်လက်ဝယ်ရှိသူဦးလွဏ်းမိုးသူ ၁၀/မလမ(နိုင်) ၂၄၀၇၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကလောမြို့နယ်၊ ဝါးရုံပင်ကျေးရွာအုပ်စု၊ ဝါးရုံပင်ကျေးရွာနေ ဦးသန်းဝေ (ဘ)ဦးစိ ၁၃/ကလန(နိုင်)) ၀၅၁၅၆၃က အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကလောမြို့နယ်၊ ဝါးရုံပင်ကျေးရွာအုပ်စု၊ ဝါးရုံပင်ကျေးရွာနေ ကွင်းအမှတ်(၂က)၊ ဦးပိုင်အမှတ်(၁၀၇/၂)၊ ဧရိယာ(၀ဒသမ၈၀)ကေရှိ ယာမြေကွက်ကို ကျွန်တော် ဦးသန်းဝေအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားပါသည်။ ကျွန်တော် ဦးသန်းဝေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)သည် ပျောက်ဆုံးသွားပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မိတ္တူ လျှောက်ထားမည်ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကလော မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝေ ၁၃/ကလန(နိုင်) ၀၅၁၅၆၃**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်အောင်
### လက်ထောက်မန်နေဂျာ(ငြိမ်း) ဆသရ
### အသက်(၈၆)နှစ်

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်မောင် - ဒေါ်အေးအေးဝင်း တို့၏ ဖခင်ကြီး ဦးတင်အောင် အသက်(၈၆)နှစ်သည် ၈-၇-၂၀၂၄ရက်(တနင်္လာနေ့) နံနက် (၄:၅၈)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမြင့်စိန်(ငြိမ်း)
### အသက်(၇၁)နှစ်

ဗိုလ်သင်တန်းအမှတ်စဉ်(၆၇)သီဟတပ်ခွဲမှ ဗိုလ်မှူးမြင့်စိန်(ငြိမ်း)သည် ၁-၇-၂၀၂၄ရက်(တနင်္လာနေ့)တွင် နှလုံးရောဂါဖြင့် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟ(၆၇) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးလှသောင်း(ငြိမ်း)
### အသက်(၇၂)နှစ်

ဗိုလ်သင်တန်းအမှတ်စဉ် (၆၇) သီဟတပ်ခွဲမှ ဗိုလ်ကြီးလှသောင်း(ငြိမ်း)သည် ၃-၇-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အသည်းရောဂါဖြင့် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟ(၆၇)သူငယ်ချင်းများ**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့နယ်၊ အထက (ခွဲ၊လ-၂)၊ Grade-3မှ မောင်စိုင်းနွံခေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းရဲမင်း ၁၃/ကလန(နိုင်) ၀၈၁၈၆၄ဖြစ်ပါကြောင်း။

**ဦးစိုင်းရဲမင်း**

## မွေးသက္ကရာဇ်အမှန်

မိုင်းဆတ်မြို့နယ်၊ မယ်ဆွမ်တောင်ရပ်ကွက်နေ ဦးစိုင်းရဲမင်း၏ သား အထက(ခွဲ၊ လ-၂)၊ Grade-3 မှ မောင်စိုင်းနွံခေး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၇-၂၀၁၅)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ (ယခင်ဟောင်လိတ်ကျေးရွာအုပ်စု)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ဈ)ရှိမြေကွက်အမှတ်(ဈ-၉၅)၊ အကျယ်အဝန်း(၆၀x၄၀)ပေ၊ မြေကွက်ကို ဒေါ်အိအိချော ၁၂/မဂဒ(နိုင်) ၀၅၆၈၉၂ ထံမှ ကျွန်မ ဒေါ်ချောစုလတ် ၂/လကန(နိုင်)၀၅၁၁၅၅က ပိုင်ဆိုင်မှုစာရွက်စာ တမ်းနှင့်တကွ အရောင်းအဝယ် စာချုပ်ချုပ်ဆိုကာ(၈-၇-၂၀၂၄) ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပေါက်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါရှိသည့် ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း သက်ဆိုင်ရာရုံးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ချောစုလတ် ၂/လကန(နိုင်) ၀၅၁၁၅၅**
**ဖုန်း-၀၉-၅၂၄၁၅၃၉**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးခန့် ၁၂/ပဘတ(နိုင်)၀၀၅၃၂၆၊ အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးခန့်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သိမ်အင်းရပ်ကွက်ကြီး၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးသိမ်အင်းစု၊ ကွင်းအမှတ်(၆၈၄)၊ ဧရိယာ(၄.၅၈)ဧကအား စာချုပ်စာတမ်းအဆက်အစပ်များဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးခန့် သိရှိခြင်းမရှိဘဲ မည်သူတစ်စုံတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းတို့ မပြုလုပ်ပါရန်၊ ပြုလုပ်သူများရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃)**
**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ
### ကျောင်းဆရာမ B.A(B.Ed)၊ အထက(၈) မော်လမြိုင်(ငြိမ်း)
### အသက်(၇၀)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၊ e-Government ဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးနေလင်းအောင်၏ မိခင်ကြီး ဒေါ်သန်းရီ အသက်(၇၀)နှစ်သည် ၈-၇-၂၀၂၄ရက်(တနင်္လာနေ့) နံနက် ၆:၂၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**e-Government ဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြောင်းမြဆေးရုံအုပ်ကြီး ဒေါက်တာထွန်းထွန်းဝင်း အသက်(၄၉)နှစ်သည်(၅-၇-၂၀၂၄)ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး**
**ဆေးရုံအုပ်ကြီးများ**
**ခရိုင်မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်**
**ကုသရေးဦးစီးဌာနမှူးများနှင့်ဝန်ထမ်းများ**

## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/3980 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

| | | |
|---|---|---|
| ဦးတင်ဆန်းအောင် | နှင့် | ၁။ ဦးခွန်ရာဇာ<br>၂။ ဒေါ်ယဉ်နွဲ့ |
| **တရားလို** | | **တရားပြိုင်များ** |

အမှတ်-ည/၂၇၊ ဂုဏ်ထူးလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ-၁၅၊ တောင်ကြီးမြို့နေ (၁)တရားပြိုင် ဦးခွန်ရာဇာနှင့် (၂)တရားပြိုင် ဒေါ်ယဉ်နွဲ့ (အတူနေမိသားစု) (ယခုနေရပ်လိပ်စာမသိသူ)တို့အားသိစေရမည်။

သင့်အပေါ်၌တရားလိုက ပြောင်းဖိုးငွေကျပ် ၈၆၁၀၀၀၀၀(ငွေကျပ်ရှစ်ထောင့်ခြောက်ရာ့တစ်ဆယ်သိန်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်(၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကြည့်ရှု လိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## အမည်မှန်

ဦးမျိုးမင်းထွန်း၏ သမီး မော်လမြိုင်မြို့၊ အ.ထ.က(၁၂) Grade-4 တန်းမှ မသက်ထက်ချစ်၏ အမည်မှန်မှာ မခေတ်ရတီကို ဖြစ်ပါကြောင်း။

**မခေတ်ရတီကို**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အ.ထ.က(၁၂)၊ Grade-7 တန်းမှ မစန္ဒာ၏အမည်မှန်မှာ မစန္ဒာအောင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၃/ကကရ(နိုင်)၁၃၂၇၇၆ ဖြစ်ပါကြောင်း။

**မစန္ဒာအောင်၊ ဦးမောင်ဝင်း**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန်(တောင်ဖလု) Grade-6မှ ဦးစံထွန်း၏သမီး မိပကောချမ်း၏ မိခင် ဒေါ်စန်းစန်းဌေး၏ အမည်မှန်မှာ ဒေါ်စန်းစန်းအေး ၁၀/သဖရ(နိုင်)၀၆၈၄၆၂ ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းအေး**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမက အောင်မင်္ဂလာ(၁) Grade- 4 မှ (ဘ)ဦးအောင်တင်လှိုင် ဦး၏ သမီး မဇူးရွှေစင်၏ မိခင် ဒေါ်နှင်းရီ၏ အမည်မှန်မှာ ဒေါ်နှင်းရည် ၁၀/သဖရ(နိုင်)၁၄၄၉၀၀ ဖြစ်ပါကြောင်း။ **ဒေါ်နှင်းရည်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/9890 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ် ...**

❖ **စာပေသည် နိုင်ငံ၏ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး ...**

❖ **"ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်" ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်း လိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက် တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသမီးစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်တွင် နိုင်ငံတကာနှစ်သစ်ကူးနေ့နှင့်တရုတ်နှစ်သစ်ကူးနေ့တို့ အများပြည်သူအလုပ်ပိတ်ရက်အဖြစ်ပါဝင်လာ

နေပြည်တော် ဇူလိုင် ၈

မြန်မာနိုင်ငံတွင် ပြက္ခဒိန်နှစ်တစ်နှစ်၏ အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်များ၊ နိုင်ငံတော်၏ ထူးခြားသမိုင်းဝင်သည့် နေ့ရက်များ၊ မြန်မာနှစ်သစ်ကူးနေ့ရက်များ၊ ကရင်နှစ်သစ်ကူးနေ့ရက်များကို နှစ်စဉ်ပြက္ခဒိန်နှစ်တစ်နှစ်မစတင်မီ နိုင်ငံတော်အစိုးရက ကြိုတင်ထုတ်ပြန်ပေးရပြီး ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွက် အများပြည်သူအလုပ်ပိတ်ရက်များကို ထုတ်ပြန်ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအများစုတွင် အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်သည့် ဇန်နဝါရီ ၁ ရက်၊ နိုင်ငံတကာနှစ်သစ်ကူးနေ့အား အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည်။

ထို့အပြင် တရုတ်နှစ်သစ်ကူးနေ့ကိုလည်း ဒေသတွင်း အခြားအာဆီယံနိုင်ငံများကဲ့သို့လည်းကောင်း၊ အချို့သော ကမ္ဘာ့နိုင်ငံများကဲ့သို့လည်းကောင်း၊ အိမ်နီးချင်းမိတ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေသည့်အနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ရေဝတီနှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၈

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❑

# မြန်မာနှင့် အိန္ဒိယ အမျိုးသမီးအသင်း ပထမခြေစမ်းပွဲ ယနေ့ညနေပိုင်းသုဝဏ္ဏကွင်း၌ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အိန္ဒိယလက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင်လ ဒုတိယပတ်တွင် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး ပထမခြေစမ်းပွဲကို ဇူလိုင် ၉ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် ၂၀၁၉ နောက်ပိုင်း တစ်ကျော့ပြန် တွေ့ဆုံခြင်းဖြစ်ပြီး

*စာမျက်နှာ ၁၀ ကော်လံ ၄* ❂



# ကိုပါအမေရိကပြိုင်ပွဲ ဆီမီးဖိုင်နယ် အာဂျင်တီးနားနှင့် ကနေဒါ ဗိုလ်လုပွဲသို့ မည်သည့်အသင်းတက်လှမ်းမလဲ



ကိုပါအမေရိကပြိုင်ပွဲ ဆီမီးဖိုင်နယ်မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် အာဂျင်တီးနားနှင့် ကနေဒါအသင်းပွဲစဉ်ကို ဇူလိုင် ၁၀ ရက် နံနက် ၆ နာရီခွဲတွင် အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်ရှိ မက်သ်လိုက်ဖ် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၄* ✳


ယနေ့ သတင်းအညွှန်း

ပြင်သစ် အောက်လွှတ်တော်တွင် လက်ဝဲယိမ်းမဟာမိတ်အဖွဲ့ အင်အားအကြီးဆုံးဖြစ်လာ
နိုင်ငံတကာသတင်း စာ ၁၃

လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦးသေဆုံးပြီး ကလေးငယ် လေးဦး အပါအဝင် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိ
ပြည်တွင်းသတင်း စာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)ထွက် နာနတ်သီးများ ဈေးကွက်ရောက်ရှိ
စီးပွားရေးသတင်းများ စာ ၂၀